# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (2-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန် ခရိုင်များ တိုးချဲ့ဖွဲ့စည်းခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန်အတွက် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို စွမ်းဆောင်ရည်အရ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# ပန်းခင်းစီမံချက်ကာလအတွင်း အခက်အခဲများဖြေရှင်းဆောင်ရွက်

နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအသိအမှတ်ပြု နိုင်ငံသားစိစစ်ရေးကတ်တစ်ခုရှိရန်လိုအပ်သကဲ့သို့ နိုင်ငံသားမိသားစုတစ်စုအနေဖြင့်လည်း နိုင်ငံသားမိသားစုတစ်စု၏ စုစည်းတည်ရှိမှု အသိအမှတ်ပြုအိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်ထားရှိရန် လိုအပ်ပေသည်။


ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများမရှိစေရေး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် အိမ်ထောင်စုလူဦးရေစာရင်း၌ပါရှိသော မိဘအမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ စသည်တို့ကို အခြေခံ၍ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားတစ်ဦးဖြစ်ကြောင်း အာမခံဖော်ပြချက်ဖြစ်သောကြောင့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်တစ်ခု ကိုင်ဆောင်ထားရှိရန် လိုအပ်ပေသည်။

ပန်းခင်းစီမံချက်သည် အသက် ၁၀ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်နိုင်ရန်၊ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန်အတွက်ဖြစ်သည်။ ထို့ပြင် အိမ်ထောင်စုတစ်စုအတွင်း လူဦးရေတိုးခြင်း၊ လျော့နည်းခြင်းရှိပါကလည်း လူဦးရေအလိုက် ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းတို့ပြုလုပ်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုထက် ပို၍လက်ဝယ်ကိုင်ဆောင်ထားခြင်း၊ ကွဲလွဲခြင်းရှိပါက သက်ဆိုင်ရာသို့ သတ်မှတ်ကာလအတွင်း အပ်နှံဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလအတွင်းကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။ အဆိုပါ အသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ယခုနှစ် နိုဝင်ဘာ ၁ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၁၅ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထပ်မံအသိပေးကြေညာထားသည်။

သို့ဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက **e-ID Biographic Registration Software** နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နိုဝင်ဘာ ၁၅ ရက်ထိ လာရောက်၍ နီးစပ်ရာမြို့နယ်လဝကရုံးများသို့ ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြေညာထားပြီးဖြစ်သည်။ နိုင်ငံ၏စာရင်းမှတ်တမ်းများကွဲလွဲမှုမရှိရေး မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းအခက်အခဲများ၊ တစ်ခုထက်ပိုမိုနေခြင်းများရှိပါက ပန်းခင်းစီမံချက်ကာလအတွင်း သတ်မှတ်ရက်အမီ ဖြေရှင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသည် ယခင်ကထက် များပြားလာ



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေး ဂေါ်ဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ သင်္ဘောဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည် ယခင်ကထက်များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်းအတိုင်း မန္တလေးမြို့မှ ကုန်ကြမ်းနှင့် ကုန်ချောများကိုတင်ပို့ရာတွင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ချော်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်းနှင့် ဂေါ်ဝိန်ဆိပ်ကမ်းတို့မှတင်ပို့ကြပြီး ဂေါ်ဝိန်ဆိပ်ကမ်းမှာ ခရီးသည်နှင့်ကုန်စည်တင်ပို့မှုအများဆုံးဖြစ်သည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ဂေါ်ဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ ခရီးသည် လိုက်ပါစီးနင်းမှု ပိုမိုများပြားလာကြောင်း သိရသည်။

"အရင်က ဂေါ်ဝိန်ဆိပ်ကမ်းမှာ ခရီးသည် လိုက်ပါစီးနင်းမှုက အနည်းငယ်လောက်ပဲရှိတယ်။ အခုက မန္တလေးကနေ ကသာနဲ့ဗန်းမော်ဘက်ကို သွားလာနေတဲ့ခရီးသည်တွေက ဆန်၊ ကြက်သွန် စတာတွေကို အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေများတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါ်ဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသည်မှာ အောက်တိုဘာလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ယနေ့တွင် လိုက်ပါစီးနင်းသည့်ခရီးသည် ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"ဂေါ်ဝိန်ဆိပ်ကမ်းကနေ မင်းကွန်း၊ သပိတ်ကျင်း၊ ရွှေကူ စတဲ့မြို့တွေကိုသွားတဲ့ ခရီးသည်တွေလဲ အခုလက်ရှိ များပြားနေပြီး ကုန်တင်ပို့မှုကလဲ ပြန်ပြီးများလာတယ်။ အဓိက ကတော့ ဂေါ်ဝိန်ဆိပ်ကမ်းကနေသွားတဲ့ခရီးသည် တော်တော်လေးများလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါ်ဝိန်ဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘော အပါအဝင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်များကို တင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်းအစီးရေ ၂၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးနေကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကို ယနေ့မှ နိုဝင်ဘာ ၅ ရက်ထိ သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဌာနမှ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ပေးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေပြီး မိသားစု တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်လို့ ဝင်ငွေတိုးပွားလာစေမှာဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေလဲ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ သင်တန်းမှာ သင်တန်းသားအယောက် ၂၀ လက်ခံပြီးတော့ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာတွေကို သင်ကြားပေးသွားမှာပါ။ ဖွင့်လှစ်သင်ကြားပေးရတာက သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းတွေကို တစ်နိုင်တစ်ပိုင်ထုတ်လုပ်ကာ ဈေးကွက်မှာ ထိုးဖောက်ရောင်းချစေပြီးတော့ ကျေးလက်နေပြည်သူတွေရဲ့ စားဝတ်နေရေး ပိုမိုပြည့်စုံလာစေဖို့ ရည်ရွယ်တာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် အဝတ်လျှော်ဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ ရေချိုးဆပ်ပြာ၊ သဘာဝခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာခဲ၊ အမွှေးဆီ၊ Hand Gel၊ Hand Spray ပြုလုပ်နည်း စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များကို ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်နိုင်ငံဘက်ကလဲ ပြောင်းဖူး(ဗမာ) ဝယ်ယူမှုတွေ အနည်းငယ်ပဲရှိတယ်။ ပြည်တွင်းဈေးကွက်အတွင်း မန္တလေး၊ ရန်ကုန်၊ တောင်ကြီး၊ မုံရွာ စတဲ့မြို့တွေမှာ အခုလတ်တလော ကုန်သည်တွေ ဝယ်ယူမှုပြန်များတယ်။ ဒါကြောင့် မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ) ဈေးကောင်းပြန်ပြီးရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ နောက်ဆုံးပတ်အတွင်းက ပြောင်းဖူး(ဗမာ) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(CP) ဈေးနှုန်းမှာ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဆတ်မြို့နယ်တွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အသိပညာပေးဟောပြော

**မိုင်းဆတ် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကာနကျေးရွာတွင် ခေတ်မီစံပြကျေးရွာ(Smart Village) စီမံကိန်းစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက ကာနကျေးရွာတွင် ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်ဖြစ်သည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အသိပညာပေးခြင်း လုပ်ငန်းများကို လာရောက်ဟောပြောခြင်းဖြစ်ကြောင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ မီးရှို့ခြင်းများကြောင့် လူနေမှုပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေကြောင်း၊ လူတို့၏အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် ကျင်းတူး၍ စနစ်တကျစွန့်ပစ်မြှုပ်နှံခြင်းဖြင့် လူနေမှုပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေပြီး ကျေးရွာများတွင် လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟောပြောပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများကို စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အသိပညာပေးခြင်းဆိုင်ရာလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကာနကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် တရားလွှတ်တော်တရားသူကြီး (မန္တလေး) ဦးစင်မောင်ထွန်း-ဒေါ်စင်ဝင်းကျော် သားသမီးမြေးမြစ်များတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဒုတိယဆေးရုံအုပ်ဒေါက်တာ ဒေါ်ရီရီမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# နိုဝင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၁ စီး ဝင်ရောက်နိုင်ရေး လျာထားဆောင်ရွက်နေ



**ရန်ကုန် နိုဝင်ဘာ ၁**

နိုဝင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၁ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေးလျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အောက်တိုဘာ ၃၁ ရက် ထုတ်ပြန်သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်ကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ လစဉ်ပုံမှန်ဝင်ရောက်ဆိုက်ကပ်လျက်ရှိကြောင်း၊ ထိုသို့ ဆိုက်ကပ်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ယခု နိုဝင်ဘာလတွင်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောကြီး ၅၁ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ယခု နိုဝင်ဘာလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင်ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်းများဖြစ်သည့် SITC LINE သင်္ဘောလိုင်းမှ တစ်စီး၊ GOLD STAR LINE သင်္ဘောလိုင်းမှ တစ်စီး၊ BAY LINE သင်္ဘောလိုင်းမှတစ်စီး၊ Ti2 CONTAINER LINEလိုင်းမှ နှစ်စီး၊ R.C.L LINE သင်္ဘောလိုင်းမှ နှစ်စီး၊ LAND AND SEA သင်္ဘောလိုင်းမှ နှစ်စီး၊ IAL LINE သင်္ဘောလိုင်းမှ နှစ်စီး၊ EVER GREEN သင်္ဘောလိုင်းမှ နှစ်စီး၊ BLPL SHIPPING သင်္ဘောလိုင်းမှနှစ်စီး၊ X-PRESS FEEDER LINE သင်္ဘောလိုင်းမှ သုံးစီး၊ S.I.T.C သင်္ဘောလိုင်းမှ လေးစီး၊ P.I.L သင်္ဘောလိုင်းမှ လေးစီး၊ MSC LINE သင်္ဘောလိုင်းမှ လေးစီး၊ NEW GOLDEN SEA (COSCO)သင်္ဘောလိုင်းမှခြောက်စီး၊ SAMUDERALINE သင်္ဘောလိုင်းမှ ခုနစ်စီး၊ SEALA ND MAERSK ASIAသင်္ဘောလိုင်းမှရှစ်စီး စုစုပေါင်း ၅၁ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ (၃၃၆)

# စစ်ကိုင်းမြို့နယ် ကျောက်ပနန်း(ရွာသစ်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်သည့် ကျောက်ပနန်း (ရွာသစ်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျောက်ပနန်း(ရွာသစ်) ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင် လေးဖာလုံ ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert တစ်စင်း၊ ရေကျော်တစ်စင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၀၆၉ သန်းဖြင့် တင်ဒါအောင်မြင်သော ရွှေထိုက်တန်ကုမ္ပဏီက ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ လယ်မြေဧကများမှ ထွက်ရှိသော လယ်ယာထွက်ကုန် စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။

**ရှိုးသန်းညွန့်**

# ထောပတ်စိုက်ပျိုးသူများကို ဘက်စုံပိုးမွှားထိန်းချုပ်ရေးနှင့် ပိုးသတ်ဆေးများအကြောင်း သင်တန်းပေးသွားမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ထောပတ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများကို ဘက်စုံပိုးမွှားထိန်းချုပ်ရေးနှင့် ပိုးသတ်ဆေးများအကြောင်း သင်တန်းပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ပြင်ဦးလွင်မြို့)မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြသည်။

အဆိုပါသင်တန်းကို ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံကာကွယ်ရေးဌာနနှင့် ပူးပေါင်း၍ ယခုနိုဝင်ဘာလအတွင်း ထောပတ်သီးစိုက်ပျိုးသည့်ဒေသများမှ တောင်သူများကို ဘက်စုံပိုးမွှားထိန်းချုပ်ရေး၊ ပိုးသတ်ဆေးထိန်းချုပ်သုံးစွဲရေး၊ တားမြစ်ထားသည့် ပိုးသတ်ဆေးများအကြောင်းနှင့် သုံးစွဲနိုင်သည့် ပိုးသတ်ဆေးများအကြောင်းကို သိရှိနားလည်စေရေးအတွက် ဆွေးနွေးပို့ချကာ သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ သီးနှံကာကွယ်ရေးဌာနနဲ့ ကျွန်တော်တို့အသင်း ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ပိုးသတ်ဆေးအကြောင်း စိုက်ပျိုးရေးတောင်သူတွေသိရှိစေဖို့ သင်တန်းပေးသွားမှာပါ။ သင်တန်းပို့ချသွားတဲ့အခါမှာ ဘယ်ပိုးမွှားကို ဘယ်လိုပိုးသတ်ဆေးသုံးစွဲမယ်၊ ဘယ်လိုနှိမ်နင်းရမယ်ဆိုတာကို သင်တန်းပေးသွားမှာပါ။ သင်တန်းကိုတော့ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ ပို့ချသွားမှာပါ။ ထောပတ်စိုက်တောင်သူတွေကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့တွေနဲ့လဲ နည်းပညာရပ်တွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ ပိုးသတ်ဆေးသုံးစွဲနည်းသင်တန်းကို ထောပတ်စိုက်ပျိုးသည့်ဒေသများဖြစ်သော ပြင်ဦးလွင်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် နောင်ချိုဒေသများမှ စိတ်ဝင်စားသည့် တောင်သူများကို ဖိတ်ခေါ်ပြီး ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိထောပတ်သီးစိုက်ဧက ၂၀၀၀၀ ခန့်ရှိပြီး ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

(၁၈၅)



# ညောင်ရွှေယဉ်ကျေးမှုပြတိုက်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသည့် ရှမ်းတိုင်းရင်းသားများသည် ရှမ်းကိုးဆက်၊ ကိုးစော်ဘွားဟူသည့် အဆိုအတိုင်း မောကိုးပြည်ထောင်ကို တည်ထောင်စိုးစံခဲ့ကြသည်။ မောကိုးပြည်သည် မိုးကောင်း၊ မိုးညှင်း၊ သောင်သွပ်၊ မိုးမိတ်၊ မိုးနဲ၊ သိန်းနီ၊ မိုင်းပဲ၊ ညောင်ရွှေနှင့် သီပေါတို့ဖြစ်ကြသည်။

ပထမအင်းဝခေတ်၊ ခရစ်နှစ် ၁၅၄၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသား အုန်းပေါင်ခုံမှိုင်းသည် အင်းဝဘုရင်အဖြစ် ထီးနန်းစံချိန်တွင် ရှမ်းပြည်နယ်ဒေသများကိုအုပ်ချုပ်ရန် သားတော်၊ ညီတော်များကို မိမိကိုယ်စားထားရှိခဲ့သည်။ ၎င်းတို့ကို ရှမ်းဘာသာစကားစောင်ဖဖြင့်ခေါ်ဆိုရာမှ မြန်မာဝေါဟာရ စော်ဘွားဖြစ်လာခဲ့သည်။ ရှမ်းစော်ဘွားများသည် မြန်မာဘုရင်များကဲ့သို့ပင် ထီးဖြူ မကိုဋ်၊ သန်လျက်၊ သားမြီးယပ်နှင့် ခြေနင်းဟူသည့် မင်းမြောက်တန်ဆာငါးပါးကို ဆင်ယင်ခဲ့ကြသည်။

ရှမ်းစော်ဘွားများသည် ဟော်နန်းများတွင် စံခဲ့ကြသဖြင့် စော်ဘွားများမရှိတော့ချိန်တွင် ဟော်နန်းများနှင့် စော်ဘွားများ၏ အသုံးအဆောင်များသည် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ကျန်ရှိခဲ့သည်။ ၎င်းတို့ကိုစုစည်း၍ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ ပြတိုက်များတွင် ထိန်းသိမ်းပြသထားရာ ညောင်ရွှေပြတိုက်သည်လည်း အပါအဝင်ဖြစ်သည်။

**ညောင်ရွှေနှင့် စော်ဘွားဟော်**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်တွင်ပါဝင်သည့် ညောင်ရွှေသည် ရန်ကုန်မြို့မှ ၆၀၂ ကီလိုမီတာနှင့် တောင်ကြီးမြို့မှ ကီလိုမီတာ ၃၀ ကွာဝေးကာ အင်းလေးကန်သို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ညောင်ရွှေမြို့ကို ဖြတ်သန်းပြီးမှ အင်းလေးသို့သွားကြရသည်။ ညောင်ရွှေမြို့သည် အရှေ့ဘက်တွင် တောင်ကြီးနှင့် ဆီဆိုင်၊ အနောက်ဘက်တွင် ကလောနှင့် ပင်လောင်း၊ တောင်ဘက်တွင် ဖယ်ခုံနှင့် မြောက်ဘက်တွင် တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ထိဆက်နေသည်။

ဧရိယာ ၅၆၁ စတုရန်းမိုင် ကျယ်ဝန်းသည့် ညောင်ရွှေမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ မြင့်သည်။ ညောင်ရွှေမြို့နယ်ကို ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ ကျေးရွာ ၄၃၄ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင်ထုတ်ပြန်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းများအရ မြို့နယ်လူဦးရေ ၁၈၇၂၂၀ တွင် အင်းသားလူမျိုးစုများက ၆၂ ဒသမ ၈၃ ရာခိုင်နှုန်းနှင့် ပအိုဝ့်လူမျိုးစုများက ၁၈ ဒသမ ၅၈ ရာခိုင်နှုန်းပါဝင်သည်။

ခရစ်နှစ် ၁၃၅၉ ခုနှစ်တွင် စော်ဘွား ဆီဆိုင်ဖ တည်ထောင်ခဲ့သည့် ညောင်ရွှေမြို့ကို ရှမ်းဘာသာစကားဖြင့် ယောင်ဟွေဟု ခေါ်ဆိုကာ တောင်နှစ်လုံးကြား၌တည်ရှိသည့် ကုန်းမြေမြင့်ဟု အဓိပ္ပာယ်ရှိသည်။

ညောင်ရွှေမြို့နယ်၌ အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေအင်းတိန်ဘုရားနှင့် ညောင်ရွှေမြို့ပေါ်ရှိ ရတနာမာန်အောင်ဘုရားအပါအဝင် စေတီ၊ ဘုရား၊ ပုထိုး ၁၀၁၃ ဆူရှိသည်။ ညောင်ရွှေမြို့နယ်၏ သမိုင်းဝင်အဆောက်အအုံသည် နန်းဝန်းရပ်ရှိ ယဉ်ကျေးမှုပြတိုက်(ညောင်ရွှေဟော်) ဖြစ်ပေသည်။

ညောင်ရွှေဟော်ကို စော်ဘွားကြီး ဆာစောမောင်က ၁၉၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ တည်ဆောက်ချိန် ၁၀ နှစ်ကြာမြင့်ခဲ့ပြီး ၁၉၂၃ ခုနှစ် ဩဂုတ် ၆ ရက်တွင် ပြီးစီးခဲ့သည်။ ထိုစဉ်က ဆောက်လုပ်မှုကုန်ကျစရိတ်သည် ငွေကျပ် သုံးသိန်းဖြစ်သည်။ သို့သော် ဟော်ဆောက်လုပ်မှုလုပ်ငန်းသည် ပြည့်စုံမှုမရှိခဲ့ဘဲ အချို့နေရာများတွင် တစ်ပိုင်းတစ်စ ကျန်နေခဲ့သည်။ ထို့ကြောင့် မောက်မယ်စော်ဘွား စဝ်ခမ်းလှိုင်က မန္တလေးနန်းတော်ပုံစံနှင့် ရှေးခေတ်ကတည်ဆောက်ခဲ့သည့် ရှမ်းစော်ဘွားများ၏ ဟော်နန်းပုံစံများကို ပေါင်းစပ်လျက် ညောင်ရွှေဟော်ကို ပုံစံရေးဆွဲခဲ့ကာ လက်သမားဆရာ ဦးငို ခေါ် ဦးထွန်းအောင် ဦးဆောင်လျက် ညောင်ရွှေဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားလက်မှုပညာရှင်များက တည်ဆောက်ခဲ့သည်။

ယခင်က ယခု ညောင်ရွှေမြို့ကျောက်တိုင်ကွင်းတွင် ဟော်ဟောင်းရှိခဲ့ကာ ၁၉၀၈ ခုနှစ်က ညောင်ရွှေမြို့တွင် လောင်ကျွမ်းခဲ့သည့် မီးလောင်မှုတွင် ပျက်စီးသွားခဲ့သည်။

လက်ရှိညောင်ရွှေဟော်ကို တိုင် ၂၁၆ လုံးဖြင့်



ညောင်ရွှေယဉ်ကျေးမှုပြတိုက်ကို တွေ့ရစဉ်။

တည်ဆောက်ထားကာ အရှေ့မှ အနောက်သို့ ပေ ၂၀၀၊ တောင်မှမြောက်သို့ ၁၉၄ ပေရှိသဖြင့် စတုရန်းပုံဖြစ်၍ အရှေ့အရပ်သို့ မျက်နှာပြုထားသည်။ ဘုံခုနစ်ဆင့်ပါရှိသည့် နှစ်ထပ်ဟော်နန်းတွင် အဓိကအဆောင်သုံးဆောင်ကို ထည့်သွင်းတည်ဆောက်ခဲ့ရာ ကန်တော့ခံဆောင်သည် တစ်နှစ်လျှင် နှစ်ကြိမ် ရှမ်းစော်ဘွားများ ကန်တော့ခံသော အဆောင်ဖြစ်ကာ ၎င်းအဆောင်၌ ပလ္လင်တစ်ခုထားရှိသည်။ အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များသည် နှစ်စဉ် ဒေသစာရီကြွချိန်တွင် ညောင်ရွှေဟော် ကန်တော့ခံဆောင်ရှိ ပလ္လင်ထက်၌ တစ်ညတာသီတင်းသုံးလေ့ရှိသည်။

အပြင်ညီလာခံဆောင်မှာမူ ပြည်သူများနှင့် သက်ဆိုင်သည့် အရေးကိစ္စများကို စော်ဘွားနှင့် မှူးမတ်များ တိုင်ပင်ဆွေးနွေးသည့်နေရာဖြစ်ကာ အတွင်းညီလာခံဆောင်သည် စော်ဘွားကြီးနှင့် မဟာဒေဝီတို့က မိသားစုအတွင်းရေး၊ နန်းတွင်းရေး၊ နယ်ပယ်ရေး၊ ဘာသာသာသနာရေးကိစ္စများကို သားတော်၊ သမီးတော်များ၊ ယုံကြည်စိတ်ချရသည့် အမတ်များနှင့် တွေ့ဆုံစည်းဝေးသော ခန်းမဆောင်ဖြစ်သည်။ ရှမ်းပြည်နယ်စော်ဘွားများသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပင်လုံစာချုပ်အရေးကိစ္စများကို ညောင်ရွှေဟော် အတွင်းညီလာခံဆောင်၌ ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ညောင်ရွှေဟော်၌ အဓိကအဆောင်တော် သုံးခုအပြင် တောင်ဘက်တွင် မယ်တော်ဆောင်နှင့် မိဖုရားဆောင်(တောင်ထားဝယ်ဆောင်)၊ မြောက်ဘက်တွင် စော်ဘွားကြီးဆောင်(မြောက်ထားဝယ်ဆောင်)နှင့် သားတော်ဆောင်များပါရှိသည်။ စော်ဘွားကြီးနှင့် မဟာဒေဝီတို့သည် မြောက်ထားဝယ်ဆောင်၌ နေထိုင်ခဲ့ကြသည်။

ဟော်မြေညီထပ်အလယ်၌ သံချောင်းအလုံးများဖြင့် ပတ်လည်ကာရံထားသော ၁၀ ပေပတ်လည် စတုရန်းပုံအခန်းကို ငွေတိုက်ဟုယူဆကြကာ ဂျပန်ခေတ်တွင် ထိုအခန်းကို ကင်ပေတိုင်ရုံးခန်းအဖြစ် အသုံးပြုခဲ့သည်ဟုလည်း ဆိုကြသည်။

ညောင်ရွှေစော်ဘွားဆက်သည် ဆီဆိုင်ဖမှ စဝ်ရွှေသိုက်ထိ ၃၃ ဆက်ရှိခဲ့ပြီး ညောင်ရွှေပထမဆုံးစော်ဘွားကြီး ဆီဆိုင်ဖသည် ခရစ်နှစ် ၁၃၅၉ ခုနှစ်မှ ၁၄၃၄ ခုနှစ်ထိ ၇၅ နှစ်ကြာ အုပ်ချုပ်ခဲ့သဖြင့် ညောင်ရွှေစော်ဘွားဆက်တွင် နှစ်အရှည်ဆုံးအုပ်ချုပ်ခဲ့သည့် စော်ဘွားကြီးဖြစ်သည်။

ညောင်ရွှေဟော်ကို ညောင်ရွှေယဉ်ကျေးမှုပြတိုက်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်ပြသခဲ့ကာ ယခုအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

**ညောင်ရွှေဟော်မှ စော်ဘွားဝတ်စုံများ**

ညောင်ရွှေယဉ်ကျေးမှုပြတိုက်တွင် စုဆောင်းထားရှိသည့် စော်ဘွားဝတ်စုံနှင့် အသုံးအဆောင် ၁၃၈ မျိုးကို ပိုးမွှားကင်းစင်၍ သန့်ရှင်းနေစေရန်၊ တာရှည်ခံနိုင်ရေးအတွက် ထိန်းသိမ်းထားနိုင်ရန်နှင့် ပြသမှုအဆင်ပြေစေရန် ပြင်သစ်နိုင်ငံသို့ ခေတ္တပို့ဆောင်၍ သန့်ရှင်းရေးပြုလုပ်စေလိုကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ညွှန်ကြားခဲ့မှုကို ရှမ်းပြည်နယ်အစိုးရက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။ ထို့ကြောင့် အဖွဲ့ဖွဲ့စည်း၍ အမျိုးသားပြတိုက်(ရန်ကုန်)က စစ်ဆေးခဲ့ပြီးနောက် ၎င်းဝတ်စုံများကို မြန်မာနိုင်ငံ၌ပင် သန့်စင်မှုများ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ပဏာမကွင်းဆင်းလေ့လာခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ဝ်ဝင်းနှင့်အဖွဲ့သည် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ဝတ်စုံများသယ်ယူထိန်းသိမ်းရန် ဒေသခံဆရာတော်များထံမှ ဩဝါဒခံယူခဲ့သည်။ ထို့နောက် ဟော်နန်းထိန်းသိမ်းရေးအဖွဲ့နှင့် ဒေသခံပြည်သူများကို လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခဲ့ပြီး ဝတ်စုံများကို အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ဓာတ်ခွဲခန်းတွင် သန့်စင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် မတ် ၂ ရက်တွင် ပထမအကြိမ် ရန်ကုန်မြို့သို့သယ်ယူခဲ့သည်။

ရှမ်းစော်ဘွားဝတ်စုံများကို သန့်စင်မှုများပြုလုပ်ပေးပြီးနောက် ညောင်ရွှေယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသနိုင်ရန် ပြန်လည်ပေးပို့ခဲ့သည်။ ထို့နောက် ကျန်ရှိနေသည့် ဝတ်စုံများကို ဒုတိယအကြိမ် သယ်ယူကာ အမျိုးသားပြတိုက်(ရန်ကုန်)တွင် သန့်စင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့သည်။

ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည့် ဝတ်စုံများအားလုံးကို နေရာအခက်အခဲကြောင့် တစ်ပြိုင်တည်း မပြသနိုင်သဖြင့် မပြသနိုင်သေးသည့် ဝတ်စုံများကို စနစ်တကျထိန်းသိမ်းထားရှိရန် ချည်ထည်သိုလှောင်ခန်း(Textile Store) ပြုလုပ်၍ အံဆွဲများအတွင်းထားရှိရန် လိုအပ်ခဲ့သည်။ ထို့ကြောင့် ဗီရိုအသစ်များပြုလုပ်၍ မီးများတပ်ဆင်ကာ ဗီရိုများ၌ စက်ကိရိယာများ တပ်ဆင်ခဲ့ပြီး ဝတ်စုံများကို တစ်လှည့်စီပြသရန် စီစဉ်ခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် သယ်ယူခဲ့သည့်ဝတ်စုံများကို သန့်စင်ပေးပြီးနောက် ၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ပြန်လည်ပေးပို့ခဲ့သည်။ ညောင်ရွှေသို့ ဆက်လက်ပေးပို့ရမည့် ဝတ်စုံတချို့ကို မပေးပို့မီ အမျိုးသားပြတိုက်(ရန်ကုန်)တွင် အများပြည်သူများကို ပြသခဲ့သည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ် ဇွန် ၉ ရက်မှ ဇွန် ၁၈ ရက်ထိပြသခဲ့သည့် ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲကို စိတ်ဝင်စားသူများစွာလာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ ၎င်းပြပွဲတွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်၌ စုဆောင်းထိန်းသိမ်းပြသထားသည့် စော်ဘွားများဝတ်စုံ ၁၃၈ မျိုးအနက် ဝတ်စုံ ၃၀ ကို ပြသခဲ့သည်။

**ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲ**

အမျိုးသားပြတိုက်(ရန်ကုန်)သည် ယဉ်ကျေးမှုမြင်ကွင်းသစ်များကို ဖြည့်ဆည်းပံ့ပိုးပြသနိုင်ရန် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲကို ကျင်းပခဲ့သည်။ ပြတိုက်နှင့်ပြပွဲများသည် အတိတ်သမိုင်းကို ပြန်လည်ဆက်စပ်ဖော်ထုတ်ပေးသဖြင့် တစ်ချိန်က စော်ဘွားကြီးများ ဝတ်ဆင်အသုံးပြုခဲ့သည့် ဝတ်စုံများနှင့်အတူ သမိုင်းနှင့်ဝတ်စားဆင်ယင်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို မြင်တွေ့လေ့လာနိုင်ခဲ့ကြသည်။

ဝတ်စုံအများစုသည် ရှမ်းစော်ဘွားကြီးများသာမက မဟာဒေဝီ၊ အိမ်ရှေ့မင်းသား၊ အမတ်ချုပ်၊ မြို့စားမင်း၊ စစ်သူကြီး၊ ဒေသအကြီးအကဲနှင့် ကိုယ်ရံတော်တို့ ဝတ်ဆင်ခဲ့သည့်အခမ်းအနားဝတ်စုံများ၊ ဖောင်းကြွရက်လုပ်ထားသည့်ကတ္တီပါအင်္ကျီများ၊ ခေါင်းပေါင်း၊ ခါးစည်းကြိုး၊ ရွှေရောင်အပြားများ ကပ်ထားသည့် အထည်များ၊ ပန်းထိုးထားသော ရှမ်းဘောင်းဘီများ၊ ရှေးမြန်မာဘုရင်များက အရိုက်အရာအရ ပေးအပ်ခဲ့သော အဝတ်အထည်များပါဝင်ခဲ့သည်။

၎င်းဝတ်စုံများတွင် ညောင်ရွှေစော်ဘွား ဆာစောမောင်ဝတ်ဆင်ခဲ့သည့် ပိုးချည်ဖြင့်ရက်လုပ်၍ ရွှေချည်၊ ငွေချည်များထိုးထားသည့် ဝတ်စုံနှင့်အခမ်းအနားတက်ဘရိုကိတ်ဝတ်စုံ၊ မဟာဒေဝီဝတ်ဆင်ခဲ့သည့် ရွှေချည်၊ ငွေချည်နှင့် ဘော်ကြယ်ထိုးထားသည့် ပိုးထည်ကတ္တီပါဝတ်စုံများကိုပြသထားရာ ပန်းဒီဇိုင်းပုံစံရွှေငွေဘော်ကြယ်များကို အသေးစိတ်ကြည့်ရှုလေ့လာနိုင်ခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဖျာပုံမြို့နယ်ထွက် ပင်လယ်ငါးခြောက်များ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေ

**ဖျာပုံ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှထွက်ရှိသည့် ပင်လယ်ငါးခြောက်များ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေကြောင်း ဖျာပုံမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ပင်လယ်ငါးခြောက်များ အောက်တိုဘာ ၁ ရက်မှစတင်၍ ယနေ့ထိ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေခြင်းကြောင့် အရောင်းသွက်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသော ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန် ငါးသောင်းမှ ခုနစ်သောင်းထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေက အခြားလတွေထက် အလှူအတန်းများတယ်။ အလှူအတန်းကာလတွေမှာ ဖျာပုံမြို့နယ်ထွက် ငါးခြောက်တွေပဲ အသုံးပြုတာများတယ်။ ဖျာပုံမြို့နယ်ကနေ ပင်လယ်ငါးခြောက်မျိုးစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ရောင်းအား သိသိသာသာကို တက်လာတာပါ"ဟု ဖျာပုံမြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုလင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသော ပင်လယ်ငါးများဖြစ်သည့် ငါးကွမ်းရှပ်(ငါးညို)၊ ငါးလိပ်ကျောက်၊ ကျောက်ငါးအမြှောင်း၊ ငါးပုတ်သင်၊ ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူ စသည့်ပင်လယ်ငါးခြောက်များ အများဆုံးရောင်းချနေရကြောင်း၊ အဆိုပါငါးခြောက်များ၏ လက်ရှိပေါက်ဈေးသည် ငါးကွမ်းရှပ်(ငါးညို)ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀၀ မှ ၃၇၅၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ ကျောက်ငါးအမြှောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၈၀၀၊ ငါးပုတ်သင်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၇၅၀၀၊ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၊ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀၀ ဈေးရှိကြောင်း ဖျာပုံမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်ဒေါ်စုစုလင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



➤ **စာမျက်နှာ ၄ မှအဆက်**

ထို့အတူ အိမ်ရှေ့မင်းသားဝတ်စုံ၊ စစ်သူကြီးဝတ်စုံ၊ အမတ်ချုပ်ဝတ်စုံ၊ ကိုယ်ရံတော်ဝတ်စုံ၊ ညောင်ရွှေစော်ဘွားကြီးဝတ်ဆင်ခဲ့သည့် အနားတွင် အမြိတ်များထည့်ထားသော ပိုးဘောင်းဘီရှည်တို့ကိုပြသခဲ့သည်။ မိုင်းရှူးစော်ဘွား စဝ်မန်ဖနှင့် ရပ်စောက်စော်ဘွား၊ မိုင်းပွန်စော်ဘွားတို့၏ ဝတ်စုံများ၊ မိုင်းပျဉ်းမြို့စား စဝ်မောင်ကြယ်၏ဝတ်စုံ၊ စဝ်ခေးဆစ်၏ ရှေးဟောင်းဝတ်စုံတို့အပြင် ခါးစည်းအဝတ်ကြိုး၊ ခေါင်းပေါင်းပိတ်စ၊ ညောင်ရွှေစော်ဘွားကြီး ဆာစောမောင်၊ မဟာဒေဝီနှင့် အိမ်ရှေ့မင်းသားတို့စီးခဲ့သည့် သားရေကို ကတ္တီပါကွပ်ကာ သတ္တုချည်မျှင်ဖြင့် ပန်းထိုးထားသည့် ဟသ်ာခြေနင်းများကိုလည်း မြင်တွေ့ခဲ့ရသည်။

တိုင်းရင်းသားများ၏ ဝတ်စုံများသည် မျိုးနွယ်စုတစ်စုပိုင်ဆိုင်သော နယ်ပယ်၊ ပထဝီဝင်၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ အစဉ်အလာတို့အပေါ်တွင် မူတည်၍ ကွဲပြားခြားနားခဲ့ကြသည်။

**ဝတ်စုံများထိန်းသိမ်းခြင်း**

ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းကြရာတွင် မူလအတိုင်းထိန်းသိမ်းခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊ လက်တွေ့ကုသထိန်းသိမ်းခြင်း၊ ကြိုတင်ကာကွယ်ခြင်း စသည်ဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ကြရသည်။ သမိုင်းတန်ဖိုး၊ အနုပညာလက်ရာ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာရေး၊ စိတ်ခံစားမှု စသည့် အကြောင်းများစွာကြောင့် ဝတ်စုံများကို ထိန်းသိမ်းရာတွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်မှ ဝတ်စုံများသည် မိသားစုတစ်စုမှ တစ်စုသို့ လက်ဆင့်ကမ်းဝတ်ဆင်ခဲ့သည့် ဝတ်စုံများမဟုတ်သည့်အပြင် ရှေးမြန်မာမင်းများနှင့် အုပ်ချုပ်သူအကြီးအကဲများက အရိုက်အရာအရ ပေးအပ်ခဲ့သည့် အဆောင်အယောင်ဝတ်စုံများလည်း ပါဝင်ခဲ့သည်။

၁၉ ရာစုနောက်ပိုင်းတွင် ထိန်းသိမ်းရေးနည်းစနစ်များပြောင်းလဲခဲ့ကာ အဝတ်အထည်များ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးဟောင်းပစ္စည်းစုဆောင်းရောင်းဝယ်သူများနှင့် ထိန်းသိမ်းကုသရေးပညာရှင် (Restorer)များက ဆောင်ရွက်ခဲ့ကြရပြီး မူလအခြေအနေအတိုင်းရရှိရန် ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရှမ်းစော်ဘွားကြီးများအပါအဝင် အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များ ဝတ်ဆင်အသုံးပြုခဲ့သည့်ဝတ်စုံများကို ထိန်းသိမ်းရာတွင် ပျက်စီးနေသည့်ဝတ်စုံများကို အတတ်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများဖြင့် ပြုပြင်ထိန်းသိမ်းနိုင်ခဲ့သည်။

တစ်ချိန်က ရှမ်းတိုင်းရင်းများ၏ ခေါင်းဆောင်များဖြစ်သည့် စော်ဘွားကြီးများ၏ ဝတ်စားဆင်ယင်မှုများကို ထိန်းသိမ်းပြသထားသည့် ညောင်ရွှေယဉ်ကျေးမှုပြတိုက်သည် ရှမ်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှုတစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ပေးသည့် နေရာတစ်ခုဖြစ်လာခဲ့သည်။

**ကိုးကား**

- **ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲ(၂၀၁၉)**
- **ညောင်ရွှေမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**

## အရိပ်ပမာ မိမေတ္တာ

\- ညောင်ညိုပင်ကြီး အထီးထီးနှင့်
ရိပ်ကြီးကောင်းလှ နားခိုရသတဲ့၊

\- ကုက္ကိုပင်ကြီး အထီးထီးနှင့်
ရိပ်ကြီးကောင်းလှ နားခိုရသတဲ့၊

\- ဘယ်အပင်ရိပ် နားခိုအိပ်လဲ
အရိပ်ပမာ မိမေတ္တာကို
ဘယ်ခါမီနိုး မရှိရိုးရှင့်၊

\- မြတ်နိုးတွယ်တာ မိမာတာ၏
မေတ္တာရေကြည် သောက်သည်တစ်ပေါက်
မရောက်ဘေးရန် ကြိုဆီးခံလို့
အမှန်ငြိမ်းချမ်း အေးစိတ်ဝမ်းနှင့်
ရွှင်လန်းသာယာ မေ့မေတ္တာကြောင့်
ကြည်သာရွှင်ပျ နေကြရလိမ့်၊

\- ကြီးလှကျေးဇူး မြင်းမိုရ်ဦးသို့
လွန်ထူးမြတ်လှ မာတာ့မေတ္တာ
အနန္တာကို မှန်းကာရိုကျိုး
လက်စုံမိုးပြီး
မြတ်နိုးတွယ်တာ ဦးတင်ပါလော့။ ။

**ဘိုမျိုး(ရွှေဘို)**

# ဆိပ်ဖြူမြို့နယ် ချောင်းမကြီး(အရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့နယ် ချောင်းမကြီး(အရှေ့)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချောင်းမကြီး(အရှေ့)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါချောင်းမကြီး(အရှေ့)ကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၁၃ သန်း စုစုပေါင်းငွေကျပ် ၁၂ ဒသမ ၁၃ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၁ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နှဲ့ယဉ်**

စာပေမြှင့်မှ လူမျိုးတင့်မည်

# နိုင်ငံတကာ သတင်းများ

## လေးနှစ်မပြည့်မီကာလအတွင်း ပဉ္စမမြောက် အထွေထွေရွေးကောက်ပွဲ အစ္စရေးကျင်းပ

ဂျေရုဆလင် နိုဝင်ဘာ ၁

အစ္စရေးနိုင်ငံသည် လေးနှစ်မပြည့်မီကာလအတွင်းပဉ္စမမြောက် အထွေထွေရွေးကောက်ပွဲကို ယနေ့တွင် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲများထွက်ပေါ်လာမည့် ရလဒ်သည် အစ္စရေးနိုင်ငံ သုံးနှစ်ခွဲကျော်ကြာ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်ဆိုက်မှုကို အဆုံးသတ်ပေးနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက မျှော်လင့်ထားသည်။

ယနေ့ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီသည် လွှတ်တော်အမတ်နေရာများကို အများဆုံးရယူနိုင်သည့် ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

သို့သော် လီကွတ်ပါတီအနေဖြင့် အစိုးရအဖွဲ့ဦးဆောင်ဖွဲ့စည်းရေးအတွက် လိုအပ်သည့်လွှတ်တော်အမတ် အရေအတွက်ဖြစ်သော အမတ်နေရာ ၆၁ နေရာထိ ရယူနိုင်ဖွယ်မရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သို့ရာတွင် ယခုရွေးကောက်ပွဲပြီးဆုံးချိန်တွင်လည်း အစ္စရေးနိုင်ငံရေးပါတီများအနေဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက်လနှင့်ချီ အချိန်ယူကြိုးပမ်းကြရဖွယ်ရှိသည်။

အစ္စရေးနိုင်ငံအစဉ်အလာအရ လွှတ်တော်အမတ်နေရာ၁၂၀ရှိသော လွှတ်တော်၌ မည်သည့်ပါတီကမျှ အစိုးရအဖွဲ့ ဦးဆောင်ဖွဲ့စည်းနိုင်သော အမတ်နေရာအရေအတွက် မျိုးအနိုင်ရခဲ့ဖူးခြင်းမရှိဘဲညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရလေ့ရှိကြောင်း သိရသည်။

KKO



## ကိုလံဘီယာနှင့် ဗင်နီဇွဲလားခေါင်းဆောင်များ ကာရာကတ်စ်မြို့၌ တွေ့ဆုံဆွေးနွေးမည်

ဘိုဂိုတာ နိုဝင်ဘာ ၁

ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုနှင့် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုတို့သည် ယနေ့တွင် ကာရာကတ်စ်မြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကာရာကတ်စ်မြို့ ဆွေးနွေးပွဲတွင် သမ္မတ ပက်ထရိုနှင့် သမ္မတ မာဒူရိုတို့သည် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေကို ပြန်လည်ပုံစံချရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဗင်နီဇွဲလားနှင့် ကိုလံဘီယာ နှစ်နိုင်ငံဆက်ဆံရေးသည်ဗင်နီဇွဲလားအတိုက်အခံများက အမေရိကန်နိုင်ငံအကူအညီဖြင့် ကိုလံဘီယာနိုင်ငံဘက်ခြမ်းမှတစ်ဆင့်လူသားချင်းစာနာထောက်ထားမှု အကူအညီများတင်သွင်းရန်ကြိုးပမ်းခဲ့ချိန်၂၀၁၉ ခုနှစ်မှစ၍ တင်းမာခဲ့ရသည်။

သို့ရာတွင် ကိုလံဘီယာနိုင်ငံ၌ ယခုနှစ်ဩဂုတ်လအတွင်း သမ္မတပက်ထရို အာဏာစတင်ရရှိခဲ့ပြီးနောက် ကိုလံဘီယာနှင့်ဗင်နီဇွဲလားနှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။

ကိုလံဘီယာနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အပြည့်အဝပြန်လည်စတင်မည်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတ ပက်ထရိုက ကြေညာထားပြီးဖြစ်သည်။

လက်ရှိအချိန်မှာပင် ကိုလံဘီယာနိုင်ငံ ကူကူတာမြို့နှင့် ဗင်နီဇွဲလားနိုင်ငံ တာချီရာပြည်နယ်တို့ကြားနယ်စပ်ဝင်ပေါက်များ၌ ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။KKO

## ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲကိုတရုတ်သမ္မတ ရှီကျင့်ဖျင် ကြိုဆိုတွေ့ဆုံ



ပေကျင်း နိုဝင်ဘာ ၁

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းမြို့သို့ ရောက်ရှိလာသည့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖုထရွန်းကို အောက်တိုဘာ ၃၁ ရက်တွင် ပြည်သူ့မဟာခန်းမဆောင်၌ ကြိုဆိုတွေ့ဆုံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နှင့် ဗီယက်နမ်တို့အနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မည်သူ့ကိုမျှ ကြားဝင်စွက်ဖက်ခွင့် မပြုသင့်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲနှင့် တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အနောက်အုပ်စုတို့ကြား အထူးသဖြင့် တရုတ်(တိုင်ပေ)ပြဿနာနှင့်ပတ်သက်၍ တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြားဆက်ဆံရေး တင်းမာနေစဉ် ပြည်ပကြားဝင်စွက်ဖက်မှုများ လက်မခံရန် တရုတ်သမ္မတက ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ပြည်သူ့မဟာ ခန်းမဆောင်၌ ကျင်းပခဲ့သည့်ကြိုဆိုနှုတ်ဆက်ပွဲ၌ ထူးခြားချက်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖုထရွန်းတို့ နှစ်ဦးစလုံးမှာ လက်ဆွဲနှုတ်ဆက်မှုလည်း ပြုလုပ်ခဲ့ကြသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖုထရွန်း၏ တရုတ်ခရီးစဉ်သည် သမ္မတရာထူးကို တတိယအကြိမ်မြောက်အဖြစ် သမ္မတရှီကျင့်ဖျင်ရယူပြီးနောက်ပိုင်း ပြည်ပခေါင်းဆောင်တစ်ဦး၏ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

တရုတ်နှင့် ဗီယက်နမ်တို့သည် ကွန်မြူနစ်စနစ် ကျင့်သုံးသည့် နောက်ဆုံးကမ္ဘာ့နိုင်ငံ ငါးနိုင်ငံထဲတွင်အပါအဝင်ဖြစ်ပြီး ကျန်သုံးနိုင်ငံမှာ လာအို၊ ကျူးဘားနှင့် မြောက်ကိုရီးယားတို့ ဖြစ်ကြောင်း သိရသည်။

KKO

## အင်ဒိုနီးရှားနိုင်ငံသို့ ပြည်ပခရီးသည်များဝင်ရောက်မှု ယခုနှစ်စက်တင်ဘာလအတွင်း စံချိန်တင်မြင့်တက်

ဂျကာတာ နိုဝင်ဘာ ၁

ယခုနှစ် စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင်းသို့ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုနှုန်းသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေး စတင်ပြီးနောက်ပိုင်း အမြင့်ဆုံးထိ ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် စက်တင်ဘာလအတွင်း အင်ဒိုနီးရှားပြည်တွင်းသို့ဝင်ရောက်ခဲ့ကြသည့် နိုင်ငံခြားသားဧည့်သည် အရေအတွက်မှာ ၅၃၈၃၀၀ ထိရှိခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်းအင်ဒိုနီးရှားနိုင်ငံသို့ဝင်ရောက်ခဲ့သော နိုင်ငံခြားသား ဧည့်သည်အရေအတွက်မှာ ဦးရေ ၅၀၀၀ သာ ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင်းသို့ဝင်ရောက်လာသော နိုင်ငံခြားသားဧည့်သည် အရေအတွက်မှာ ကိုဗစ်-၁၉ရောဂါကပ်ဘေး စတင်ပြီးနောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရောဂါကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်းကို အင်ဒိုနီးရှားအစိုးရက ဖြေလျှော့ပေးခဲ့ပြီးနောက်ပိုင်း ဘာလီကျွန်းကဲ့သို့ အပန်းဖြေစခန်းများသို့ လာရောက်သည့်ပြည်ပခရီးသည်အရေအတွက် ပိုများလာကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကြားကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည်အရေအတွက်မှာ ၂ ဒသမ ၂၇ သန်းထိရှိခဲ့ကြောင်း သိရသည်။

KKO

## ပင်လယ်နက်လုံခြုံရေးစင်္ကြံ လမ်းတစ်လျှောက် သင်္ဘောများဖြတ်သန်းမှုကိုလက်မခံနိုင်ဟု ရုရှားပြောကြား

မော်စကို နိုဝင်ဘာ ၁




ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ကောက်ပဲသီးနှံတင်ပို့ရေးဆိုင်ရာသဘောတူညီချက်၌ပူးပေါင်းပါဝင်မှုကို ရုရှားနိုင်ငံက ဆိုင်းငံ့ထားပြီးနောက် ပင်လယ်နက်လုံခြုံရေးစင်္ကြံ လမ်းကြောင်းတစ်လျှောက် သင်္ဘောများ သွားလာနေမှုမှာ လက်သင့်ခံ၍မရနိုင်သော ကိစ္စဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကုလသမဂ္ဂနှင့်တူရကီတို့ကြားဝင်ညှိနှိုင်းမှုဖြင့်ရယူထားသောပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်အရ ပင်လယ်နက်လုံခြုံရေးစင်္ကြံလမ်းကြောင်းမှ တစ်ဆင့် ယူကရိန်း ကောက်ပဲသီးနှံများကို ပြည်ပသို့တင်ပို့ခွင့်ပေးထားကြောင်း သိရသည်။

သို့သော် ရုရှားနိုင်ငံကို တိုက်ခိုက်ရန်ယင်းလုံခြုံရေးစင်္ကြံလမ်းကြောင်းကို ယူကရိန်းက အသုံးချခဲ့ပြီးနောက် ယင်းစင်္ကြံ လမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာဖြတ်သန်းမှုကို ရုရှားနိုင်ငံအနေဖြင့် လက်မခံနိုင်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။


ယူကရိန်းနိုင်ငံသည် ပင်လယ်နက်လုံခြုံရေးစင်္ကြံ လမ်းမှတစ်ဆင့် မောင်းသူမဲ့လေယာဉ်များစေလွှတ်၍ ကရိုင်းမီးယား ကျွန်းဆွယ်ဒေသရှိ ရုရှားပင်လယ်နက် ရေတပ်ကို အောက်တိုဘာ ၂၉ ရက်တွင် တိုက်ခိုက်ရန်ကြိုးစားခဲ့ကြောင်း ရုရှားနိုင်ငံက ပြောကြားထားသည်။

ပင်လယ်နက်လုံခြုံရေးစင်္ကြံ လမ်းကို ယူကရိန်းကစစ်ရေးအရ အသုံးချခဲ့ပြီးနောက် ယင်းလမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားလာနေသည့် မည်သည့်ရေယာဉ်အတွက်မှ လုံခြုံရေးအာမခံချက်မရှိတော့ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသို့ ကရိုင်းမီးယား ကျွန်းဆွယ်ဒေသရှိ ပင်လယ်နက်ရေတပ်စခန်း တိုက်ခိုက်ခံခဲ့ရပြီးနောက် ရုရှားနိုင်ငံသည် ပင်လယ်နက်ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများပြန်လည်တင်ပို့ရေးဆိုင်ရာသဘောတူညီချက်၌ ပူးပေါင်းပါဝင်မှု ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ မင်တီယန်အာကာသသုတေသနခန်း ပင်မကိုယ်ထည်က တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့




**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ မင်တီယန်အာကာသ သုတေသနခန်း ပင်မကိုယ်ထည်သည် ဆောက်လုပ်ဆဲ တီယန်ကောင်း အာကာသစခန်းနှင့် ယနေ့တွင် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်း၏ တတိယမြောက်နှင့် နောက်ဆုံးပင်မကိုယ်ထည်ဖြစ်သော မင်တီယန်အာကာသသုတေသနခန်းကို အောက်တိုဘာ ၃၁ ရက်က လောင်းမတ်ချ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၃ နာရီအကြာတွင် မင်တီယန်အာကာသသုတေသနခန်း ပင်မကိုယ်ထည်သည် တီယန်ဟီအာကာသစခန်း ပင်မကိုယ်ထည်နှင့်အောင်မြင်စွာချိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်တီယန်မစ်ရှင်အောင်မြင်မှုကြောင့် တရုတ်နိုင်ငံ၏ တီယန်ကောင်း အာကာသစခန်းတည်ဆောက်ရေးစီမံကိန်းသည်လည်း အပြီးသတ်ခဲ့ပြီဖြစ်သည်။

မင်တီယန်သုတေသနခန်းသည် ကိုယ်ထည်အလျား ၅၈ ဒသမ ၇ ပေ၊ အလေးချိန် မက်ထရစ်တန် ၂၂ တန်လေးပြီး သိပ္ပံပညာစမ်းသပ်မှုများပြုလုပ်ရေးအတွက် ပုံစံထုတ်တည်ဆောက်ထားသော အာကာသစခန်း ပင်မကိုယ်ထည်ဖြစ်သည်။

အင်္ဂလိပ်အက္ခရာ "တီ" ပုံသဏ္ဌာန်ရှိသည့် တီယန်ကောင်းအာကာသစခန်းသည် အာကာသယာဉ်မှူး သုံးဦးကို ခြောက်လကြာ လက်ခံထားနိုင်ပြီး ယာဉ်မှူး လူအပြောင်းအလဲ လုပ်ချိန်များတွင် ခြောက်ဦးထိ ယာယီနေရာပေးထားနိုင်ကြောင်း သိရသည်။ KKO

## နေ၏အလင်းရောင်နောက်၌ပုန်းခိုနေသော အန္တရာယ်ရှိရောမဂြိုဟ်သိမ်တစ်စင်း ရှာဖွေတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

နေ၏ အလင်းရောင်နောက်ကွယ်၌ ပုန်းခိုနေပြီး တစ်ချိန်ချိန်တွင် ကမ္ဘာမြေအတွက် အန္တရာယ်ရှိလာနိုင်သော ရောမဂြိုဟ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေ တွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၁ ရက်က ရေးသားတင်ပြထားသည်။

2022AP7 ဟု၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းသုည ဒသမ ၉ မိုင်ထိရှိရာ ပြီးခဲ့သည့် ရှစ်နှစ်တာကာလအတွင်း ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အန္တရာယ်ဂြိုဟ်သိမ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်နှင့်သောကြာဂြိုဟ်ကြား တစ်နေရာတွင် ပတ်လမ်းနေရာရယူ၍ နေကိုလှည့်ပတ်လျက်ရှိရာ နေရောင်နောက်ကွယ်၌ နှစ်ပေါင်းများစွာ ပုန်းခိုနေနိုင်ခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



နေ၏ အလင်းရောင်ကြောင့် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းနယ်မြေအတွင်းရှိနေသော အန္တရာယ်ဂြိုဟ်သိမ်များအနက် ၂၅ စင်းမျှကိုသာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် 2022AP7 ဂြိုဟ်သိမ်ကို ချီလီနိုင်ငံအခြေစိုက် ဒီအီးစီရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်၏ အရွယ်အစားမှာ ကြီးမားသည်ဖြစ်ရာကမ္ဘာမြေနှင့်ဝင်တိုက်ခဲ့ပါက ထိခိုက်ပျက်စီးမှု လွန်စွာကြီးမားလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## သောကြာဂြိုဟ်နေပတ်လမ်းကဲ့သို့ ပတ်လမ်းမျိုးပေါ်တွင် အာကာသယာဉ်များနေရာချ၍ ကမ္ဘာမြေအတွက်အန္တရာယ်ရှိသည့်ဂြိုဟ်သိမ်များကို ကြိုတင်ထောက်လှမ်းနိုင်မည်ဖြစ်

**ပေကျင်း နိုဝင်ဘာ ၁**

သောကြာဂြိုဟ်၏ နေပတ်လမ်းကဲ့သို့ နေပတ်လမ်းမျိုးပေါ်တွင် အာကာသယာဉ်များ နေရာချ၍ ကမ္ဘာမြေအတွက် အန္တရာယ်ရှိသည့် ဂြိုဟ်သိမ်များကို ကြိုတင်ထောက်လှမ်းနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၁ ရက်က ရေးသားတင်ပြထားသည်။

သောကြာဂြိုဟ်အနီးတွင် ဂြိုဟ်တုကွန်ရက်တစ်ခု လွှတ်တင်ထားရှိ၍ ကမ္ဘာမြေအတွက် ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးစနစ်တစ်ခု ဖန်တီးနိုင်ကြောင်း ပေကျင်းနည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များက အဆိုပြုထားသည်။

CROWN ဟု၍ အမည်ပေးထားသည့် ဂြိုဟ်သိမ်အန္တရာယ်ကာကွယ်ရေးစနစ်သစ် အဆိုပြုချက်၌ ဂြိုဟ်သိမ်ထောက်လှမ်းရှာဖွေရေး ဂြိုဟ်တုခြောက်စင်းပါ ဂြိုဟ်တုကွန်ရက်တစ်ခုနှင့် အန္တရာယ်ကြီးမားသော ဂြိုဟ်သိမ်များကို ခြေရာခံစောင့်ကြည့်၍ ကမ္ဘာမြေဆီသို့ သတိပေးချက်ပို့လွှတ်မည့် မိခင်အာကာသယာဉ်တစ်စင်းတို့ပါဝင်ကြောင်း သိရသည်။

ဂြိုဟ်သိမ်ရှာဖွေရေး ဂြိုဟ်တုငယ်များကို ဖြန့်ကြက်ပြီးနောက် မိခင်အာကာသယာဉ်သည် နေနှင့်သောကြာဂြိုဟ်တို့၏ ဒြပ်ဆွဲအားပေါင်းဆုံနယ်မြေ၌ နေရာယူ၍ သတင်းအချက်အလက် ဆင့်ကဲပေးပို့မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

သောကြာဂြိုဟ်၏ နေပတ်လမ်းသည် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းအတွင်းပိုင်းကို ကျယ်ကျယ်ပြန့်ပြန့်စောင့်ကြည့်နိုင်သောနေရာဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

ဂြိုဟ်သိမ်များရန်မှ ကမ္ဘာဂြိုဟ်ကို ကာကွယ်ရေးအတွက် ကမ္ဘာဂြိုဟ် ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက် မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုရိုနာပိုးရပ်ရှိသူအလှူရှင်များ၏ နှလုံးအင်္ဂါများ အစားထိုးကုသရာတွင် ဘေးကင်းလုံခြုံမှုရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၁**

ကိုရိုနာပိုးရပ် ရှိနေသော အလှူရှင်များမှရယူထားသည့် နှလုံးအင်္ဂါသည် ကိုရိုနာပိုးရပ်မရှိသူ လူနာများထံမှ ရယူထားသည့်နှလုံးအင်္ဂါများကဲ့သို့ပင် အစားထိုးထည့်သွင်းရေးအတွက် ဘေးကင်းလုံခြုံမှုရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၂၂ ခုနှစ် မတ်လကြား နှလုံးအစားထိုးကုသမှုခံယူခဲ့သောလူနာ အားလုံးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

အဆိုပါ နှလုံးအစားထိုးကုသမှုများအတွက် ကိုရိုနာပိုးရပ်ပိုးရှိသူ လူနာ ၈၄ ဦးအပါအဝင် နှလုံးအလှူရှင် ၃၂၈၉ ဦးတို့က နှလုံးအင်္ဂါများ လှူဒါန်းပေးခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုရိုနာပိုးရပ်ပိုးရှိသူ အလှူရှင်များမှ နှလုံးအင်္ဂါများ အစားထိုးထားသည့်လူနာများနှင့် ၎င်းပိုးရပ်ပိုးမရှိသူ အလှူရှင်များထံမှ နှလုံးအင်္ဂါရယူထားသော လူနာများကြား အစားထိုးခွဲစိတ်မှုပြုလုပ်ပြီး ပထမရက် ၃၀ အတွင်း ဆေးရုံပေါ်၌ သေဆုံးမှုနှုန်းမှာ ကွာခြားချက်မရှိကြောင်း သိရသည်။

အလားတူ အထက်ပါနှလုံးအစားထိုး လူနာအုပ်စုနှစ်စုကြား နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ပေါ်လာမှုနှုန်းမှာလည်း ကွာခြားချက်မရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များသည် နှလုံးအလှူရှင် ရှားပါးသည့်အချိန်မျိုး၌ ကိုရိုနာပိုးရပ်ရှိသူ အလှူရှင်များ၏ နှလုံးများကို ရယူရာတွင် တွန့်ဆုတ်မှုမရှိသင့်ကြောင်းကိုပြသနေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO

## ကိုယ်ဝန်ဆောင်စဉ်အတွင်း နေ့စဉ်ကော်ဖီသောက်သုံးပါက မွေးဖွားလာမည့်ကလေး၌ ပုံမှန်ထက်အရပ်ပိုနိမ့်နိုင်

**နယူးယောက် နိုဝင်ဘာ ၁**

ကိုယ်ဝန်ဆောင်ကာလအတွင်း နေ့စဉ် ကော်ဖီအနည်းငယ်သောက်သုံးခဲ့လျှင်ပင် မွေးဖွားလာမည့် ရင်သွေး၏အရပ်မှာ ပုံမှန်ထက် တစ်လက်မခန့် ပိုနိမ့်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၃၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလအတွင်း တစ်ရက်လျှင် ကဖင်းဓာတ်ကို ၅၀ မီလီဂရမ် ပုံမှန်စားသုံးသည့် မိခင်လောင်းများမှ မွေးဖွားလာသော ကလေးများသည် အသက်ရှစ်နှစ်ရောက်လာချိန်တွင် သက်တူရွယ်တူများထက် အရပ်နှစ်စင်တီမီတာထိ ပိုနိမ့်နေတတ်ကြောင်း သိရသည်။

မိခင်၏အသက်အရွယ်၊ ဆေးလိပ်သောက်သုံးမှုပုံစံနှင့် ဝင်ငွေအပါအဝင် အခြားအကြောင်းတရားများကို ထည့်သွင်းတွက်ချက်ခဲ့လျှင်ပင်အထက်ပါရလဒ်မှာ ခိုင်မာနေဆဲဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကလေး ၂၅၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ပြီး အထက်ပါတွေ့ရှိချက်အရ မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလအတွင်း ကော်ဖီသောက်သုံးမှုကို လုံးဝရှောင်ရှားသင့်ကြောင်း အကြံပြုထားသည်။KKO



**နိုင်ငံတကာ အားကစားသတင်းများ**

# ဝေးလ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဝေးလ်အသင်းအမည်ကို ခရမ်ရူအသင်းအမည်ဖြင့် ပြောင်းလဲအသုံးပြုရန်စီစဉ်




**ကာဒစ်ဖ် နိုဝင်ဘာ ၁**

ဝေးလ်နိုင်ငံဘောလုံး အဖွဲ့ချုပ်က လာမည့် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် လက်ရွေးစင်အသင်းအမည်ကို ဝေးလ်အသင်းမှ ခရမ်ရူအသင်းအမည်ဖြင့် ပြောင်းလဲအသုံးပြုရန်အတွက် စီစဉ်ထားကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝေးလ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အသင်းကို စတင်တည်ထောင်ချိန်မှစတင်ပြီး လက်ရွေးစင်အသင်းအမည်ကို ဝေးလ်အသင်းအမည်ဖြင့် အသုံးပြုခဲ့ပြီး ယခုအခါ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဝေးလ်အသင်းအမည်မှ ခရမ်ရူအသင်းအမည်ဖြင့် ပြောင်းလဲအသုံးပြုရန်စီစဉ်ထားပြီး လက်ရွေးစင်အသင်း အမည်ပြောင်းလဲအသုံးပြုရန်အတွက်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားပြီးဖြစ်သည်။

ဝေးလ်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုံးထွက်အဆင့်မှတစ်ဆင့် ခြေစစ်ပွဲအောင်မြင်ထားသည့် အသင်းတစ်သင်းဖြစ်ပြီး ရှုံးထွက်အဆင့်တွင် ဩစတြီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ကို အနိုင်ရရှိခဲ့ကာ နောက်ဆုံး ၆၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိထားခြင်းဖြစ်သည်။

ဝေးလ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လက်ရှိတွင် အသင်းအမည်ပြောင်းလဲရေးကို စီစဉ်ထားခြင်းသာဖြစ်ပြီး အတည်ပြုဆုံးဖြတ်ခြင်းမပြုလုပ်ရသေးဘဲ လာမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးမှသာ အတည်ပြု ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

## အေစီမီလန်အသင်းက နည်းပြပိုင်အိုလီကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**မီလန် နိုဝင်ဘာ ၁**

အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နည်းပြပိုင်အိုလီကို လာမည့်၂၀၂၄-၂၀၂၅ ဘောလုံးရာသီကုန်ထိ သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီး နှစ်နှစ် သက်တမ်းတိုးနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြပိုင်အိုလီသည် အေစီမီလန်အသင်းသို့ ၂၀၁၉ ခုနှစ်က စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းအား ပုံစံကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် ၁၀ နှစ်ကျော်ဝေးကွာနေသည့် စီးရီးအေချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်က ကစားခဲ့သည့်အမှတ်ပေး ပွဲစဉ်တွင် တိုရီနိုအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းဘုတ်အဖွဲ့က "အသင်းအနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ လမ်းကြောင်းပေါ်မှာ ရှိနေဆဲဖြစ်ပါတယ်။ အသင်းနဲ့ နည်းပြပိုင်အိုလီတို့ ဆက်လက် လက်တွဲပြီးဒီရည်မှန်းချက်ကို အကောင်အထည်ဖော်သွားရမှာပါ။ ရရှိလာမဲ့ အောင်မြင်မှုတွေကတော့ ကလပ်အသင်းရဲ့ သမိုင်းမှတ်တိုင်ပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အသက် ၅၇ နှစ်ရှိ နည်းပြပိုင်အိုလီသည် အေစီမီလန်အသင်းကို တာဝန်ယူခဲ့သည့် ပြိုင်ပွဲစုံ ၁၅၃ ပွဲတွင် ၈၇ ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၂၆ မှတ်ရရှိကာ အမှတ်ပေးဇယားထိပ်မှ နာပိုလီအသင်းနှင့် ရမှတ်ခြောက်မှတ်သာ ကွာဟလျက်ရှိပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ်ခုနစ်မှတ်ရရှိထားသောကြောင့် လာမည့်ပွဲစဉ်ကို သရေရလဒ်ရရှိရုံဖြင့် အုပ်စုအဆင့်မှ ဖြတ်ကျော်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဒီဘရိုင်းက လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲသည် ၎င်းအတွက် နိုင်ငံအသင်းနှင့် ကစားသည့်နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက ကွင်းလယ်ပိုင်းဆိုးရွားမှုကို အချိန်မီပြင်ဆင်နိုင်ရန်အတွက် ဇန်နဝါရီ အပြောင်းအရွှေ့တွင် လိုက်ပ်ဇစ်အသင်းကွင်းလယ်ကစားသမား လိုင်မာကို ခေါ်ယူရန် ကြိုးပမ်းနေသည်။
- ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ ဒဏ်ရာအခြေအနေမှာ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ပြန်လည်သက်သာရန် မဖြစ်နိုင်တော့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက အတည်ပြုပြောကြားခဲ့သည်။ ML

## ရုရှားအသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်ထားမှုကို ဘော့စနီးယားအသင်း ရွှေ့ဆိုင်း

**မော်စကို နိုဝင်ဘာ ၁**

ဘော့စနီးယားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ရုရှားအသင်းနှင့် ဘော့စနီးယားအသင်းတို့ နိုင်ငံတကာခြေစမ်းပွဲစဉ်ကစားရန် စီစဉ်ထားမှုကို ရွှေ့ဆိုင်းလိုက်ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း Balkan insight သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘော့စနီးယားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့သည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပမီ တစ်ရက်အလိုဖြစ်သည့် နိုဝင်ဘာ ၁၉ ရက်တွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နိုင်ငံတကာ ခြေစမ်းပွဲကစားရန်အတွက် သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

ဘော့စနီးယား အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲမအောင်မြင်ခဲ့သည့်အတွက် နိုင်ငံတကာပွဲစဉ်များ ကစားရန် မရှိသကဲ့သို့ ရုရှားအသင်းသည်လည်း ယူကရိန်း-ရုရှား အရေးကြောင့် ပိတ်ပင်ခံထားရသည့်အတွက် နိုင်ငံတကာပွဲစဉ် မရှိခဲ့သောကြောင့် ခြေစမ်းပွဲစဉ်အဖြစ် ကစားရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ဘော့စနီးယားအသင်းကစားသမားများဖြစ်သည့် ဒီဇီကိုနှင့် ပီယာနစ်တို့အပါအဝင် အသင်းမှ ကစားသမားများက ရုရှားအသင်းနှင့်ခြေစမ်းပွဲကစားရန် အစီအစဉ်ကို ကန့်ကွက်ခဲ့ကြပြီး ပါဝင်ကစားမည်မဟုတ်ဟု ကြေညာခဲ့သကဲ့သို့ ဘော့စနီးယားနိုင်ငံ ဆာရာယေဗိုမြို့တော်ဝန် ဘင်ဂျာမိနာခါရစ်ကလည်း ဘော့စနီးယားနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို အပြင်းအထန်ရှုတ်ချမှုများပြုလုပ်ခဲ့သည့်အတွက် ဘော့စနီးယားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အဆိုပါခြေစမ်းပွဲစဉ်ကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

## ဂျင်ယန်းကို၏ ကမ္ဘာ့အဆင့် (၁) နေရာကို အက်သာယာ လွှဲပြောင်းရယူ

**ဗန်ကောက် နိုဝင်ဘာ ၁**

အသက် ၁၉ နှစ်အရွယ်သာရှိသေးသည့် ထိုင်းဂေါက်သီးရိုက်မယ် အက်သာယာသည် အမျိုးသမီးပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အသင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ကမ္ဘာ့အဆင့် (၁) နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း YNA သတင်းဌာနက ဖော်ပြခဲ့သည်။

အက်သာယာသည် ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်မယ်ဟောင်းဖြစ်သူ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကို၏ နေရာအား လွှဲပြောင်းရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျင်ယန်းကိုက ကမ္ဘာ့အဆင့် (၂)နေရာသို့ ဆင်းပေးခဲ့ရကြောင်း သိရသည်။

ဂျင်ယန်းကိုသည် ဒဏ်ရာပြဿနာကြောင့် ဩဂုတ်လမှ အောက်တိုဘာလထိ ပြိုင်ပွဲဝင်နိုင်ခဲ့ခြင်း မရှိသည့်အတွက်ကြောင့် အက်သာယာက ဂျင်ယန်းကိုအား ကျော်ဖြတ်ကာ ကမ္ဘာ့အဆင့် (၁) နေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အက်သာယာသည် ဂျင်ယန်းကို ဒဏ်ရာပြဿနာကြောင့် အနားယူနေသည့်ကာလအတွင်းပြိုင်ပွဲခုနစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံဆုဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကာ ကျန်ပြိုင်ပွဲများတွင် အမှတ်ပေးဇယား၏ အဆင့် (၁၀) အတွင်း ရပ်တည်နိုင်ခဲ့သည်။

အက်သာယာသည် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက် ရာသီအစပိုင်းတွင် ကမ္ဘာ့အဆင့် (၂၀) နေရာတွင် ရပ်တည်ခဲ့ပြီး နှစ်မကုန်ခင်မှာပင် ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်သည်။

အက်သာယာက "ကမ္ဘာ့အဆင့် (၁) ဆိုတဲ့နေရာဟာ ကျွန်မရဲ့ နည်းပြအဖွဲ့တွေ၊ ကျွန်မရဲ့ မိသားစုတွေ၊ ကျွန်မရဲ့ပရိသတ်တွေနဲ့ ကျွန်မအတွက် အရမ်းကိုအရေးပါတဲ့အောင်မြင်မှုပါ။ ကမ္ဘာ့အဆင့် (၁) နေရာမှာ ရပ်တည်ခွင့်ရခဲ့တဲ့ ဂေါက်သီးရိုက်မယ်တွေရဲ့ နာမည်တွေနဲ့အတူ ကျွန်မရဲ့နာမည်ကို ယှဉ်တွဲမြင်တွေ့ခွင့်ရတာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကမ္ဘာ့အဆင့် (၁)နေရာဆိုတာ ဂေါက်သီးရိုက် ကစားသမားအားလုံးအတွက် အိပ်မက်ပါပဲ။ ဒီနေရာဟာ ရယူဖို့ခက်ခဲသလို ထိန်းသိမ်းဖို့လဲ အရမ်းခက်ခဲတယ်။ ကျွန်မအနေနဲ့ ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ်ဖြစ်လာပြီဆိုပေမဲ့လဲ ဂေါက်သီးရိုက်လောကမှာကျင်လည်နေဆဲ ဂန္ထဝင်ဂေါက်သီးရိုက် ကစားသမားတွေနဲ့ အနားယူသွားပြီဖြစ်တဲ့ ဂေါက်သီးရိုက် ကစားသမားတွေဆီက သင်ယူစရာတွေ အများကြီးရှိနေပါသေးတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အလိုတွင် အယ်ဂါဇီ မော်ရိုကိုအသင်းတွင် ပြောင်းလဲကစားမည်

**အမ်စတာဒမ် နိုဝင်ဘာ ၁**

နယ်သာလန် လက်ရွေးစင်အသင်း ကစားသမားဟောင်း အယ်ဂါဇီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အလိုတွင် နယ်သာလန်အသင်းကစားသမားမှ မော်ရိုကိုအသင်း ကစားသမားအဖြစ် ပြောင်းလဲကစားသွားမည်ဖြစ်ကြောင်း Sportbible သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ပီအက်စ်ဗွီအသင်း တိုက်စစ်ကစားသမား အယ်ဂါဇီသည် နယ်သာလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲကစားခဲ့ဖူးသော်လည်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်နောက်ပိုင်း နယ်သာလန်အသင်းတွင် ရွေးချယ်မှုခံရခြင်း မရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ အယ်ဂါဇီသည် နယ်သာလန်နိုင်ငံတွင် မွေးဖွားသူတစ်ဦး ဖြစ်သော်လည်း ၎င်း၏မိဘများမှာ အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံသားများ ဖြစ်သည့်အတွက် နယ်သာလန်အသင်းနှင့် မော်ရိုကိုအသင်းတို့တွင် ကိုယ်စားပြု ပါဝင်ကစားခွင့် ရရှိနေသူဖြစ်ကြောင်း သိရသည်။



လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နယ်သာလန်အသင်းနှင့် မော်ရိုကိုအသင်းတို့ အနေဖြင့် နှစ်သင်းစလုံး ဝင်ခွင့်ရရှိထားသည့် အသင်းများဖြစ်ပြီး နယ်သာလန်အသင်းနည်းပြ ဗန်ဂါးလ်က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပဏာမကစားသမား ၅၅ ဦးစာရင်းကို ရွေးချယ်ခဲ့ရာတွင် အယ်ဂါဇီအနေဖြင့် ရွေးချယ်ခံရခြင်းမရှိသည့်အတွက် လက်ရွေးစင်အသင်း ပြောင်းလဲကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မော်ရိုကိုအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမားစာရင်း အတည်ပြုကြေညာခြင်းမရှိသေးဘဲ အယ်ဂါဇီက နိုင်ငံလက်ရွေးစင်အသင်းပြောင်းလဲရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများကိုလည်း မော်ရိုကိုနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက နော့ဝှစ်ချ်ကစားသမား အာရွန်ကို ဦးစားပေးခေါ်ယူမည့်စာရင်းတွင် ထပ်မံထည့်သွင်း

**မန်ချက်စတာ နိုဝင်ဘာ ၁**

မန်ယူအသင်းသည် ညာတောင်ပံခံစစ်ပိုင်းတွင် ကစားနေသည့် ဒါလော့နှင့် ဦးစားပေးပွဲထွက်ခွင့် ယှဉ်ပြိုင်ရန်အတွက် နော့ဝှစ်ချ်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား အာရွန်ကို ဇန်နဝါရီကစားသမားသစ်ထပ်မံခေါ်ယူမည့် စာရင်းတွင် ထည့်သွင်းခဲ့ကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက နည်းပြတန်ဟတ်က လေဗာကူဆင်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဖရင်းပေါင်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်မှ အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အပြင် အခြားထိပ်သီးကလပ်အသင်းများကလည်း ကမ်းလှမ်းနေသောကြောင့် ငွေကြေးအမြောက်အမြားသုံးစွဲရမည်ဖြစ်၍ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ သန်းသာရှိသည့် နော့ဝှစ်ချ်အသင်းမှ လူငယ်ကစားသမား အာရွန်ကိုသာ လာမည့်အပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား အာရွန်သည် နော့ဝှစ်ချ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲပါဝင်ကစားခဲ့ရာ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးပြသနိုင်ခဲ့သဖြင့် အဲဗာတန်၊ အာဆင်နယ်၊ ဝုဗ်ဘတ်၊ မာဆေး၊ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်နှင့် ရီးမားအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် နည်းပြတန်ဟတ်က ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် လူငယ်ကစားသမား အာရွန်ကို ကာလရှည်စာချုပ်ဖြင့် ခေါ်ယူ၍ လက်ဦးမှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

# စူပါဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ကိတ်သာမန်းနှင့် ထိုးသတ်မည်ဟု အဲရိုလ်စပန့်အတည်ပြု




**ဝါရှင်တန် နိုဝင်ဘာ ၁**

WBC၊ WBA၊ IBF စူပါဝယ်သာဝိတ်တန်းချန်ပီယံ အဲရိုလ်စပန့်သည် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူကိတ်သာမန်းနှင့် ဒီဇင်ဘာ ၁၇ ရက်တွင် တက္ကဆက်ပြည်နယ် ဒေါလက်စ်မြို့တွင် ထိုးသတ်သွားမည် ဖြစ်ကြောင်း Blue Blood Sports TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လက်ဝှေ့သမား အဲရိုလ်စပန့်အနေဖြင့် စိန်ခေါ်မှုအမြောက်အမြားကိုလက်ခံရရှိထားသော်လည်း တစ်နိုင်ငံတည်းသားဖြစ်သူ ကိတ်သာမန်း၏ စိန်ခေါ်မှုအား ရွေးချယ်လက်ခံသွားခဲ့ပြီး စိန်ခေါ်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကိတ်သာမန်းနှင့် လက်ရှိချန်ပီယံ အဲရိုလ်စပန့်တို့၏ စိန်ခေါ်ပွဲနှင့်ပတ်သက်ပြီး Blue Blood Sports TV က "လာမဲ့ ဒီဇင်ဘာ ၁၇ ရက်မှာ အဲရိုလ်စပန့်နဲ့ကိတ်သာမန်းတို့ တက္ကဆက်ပြည်နယ် ဒေါလက်စ်မြို့မှာ ယှဉ်ပြိုင်ထိုးသတ်သွားကြမှာဖြစ်ပါတယ်။ ကိတ်သာမန်းဟာ WBC စူပါဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို စိန်ခေါ်ခွင့်ရထားသူဖြစ်ပါတယ်။ အသက် ၃၄ နှစ်ရှိ ကိတ်သာမန်းနဲ့ အသက် ၃၂ နှစ်ရှိ အဲရိုလ်စပန့်တို့ရဲ့ စိန်ခေါ်ပွဲဟာ ဝယ်သာဝိတ်တန်းရဲ့အကောင်းဆုံးစိန်ခေါ်ပွဲတစ်ပွဲ ဖြစ်လာလိမ့်မယ်။ ကိတ်သာမန်းဟာ ကမ္ဘာ့ချန်ပီယံဘွဲ့ကို ပြန်လည်ရယူနိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ထားပုံရပါတယ်။ အဲရိုလ်စပန့်ကလဲ စူပါဝယ်သာဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်ခွင့်ရဖို့အတွက် ပစ်မှတ်ထားနေတဲ့ ကမ္ဘာ့ချန်ပီယံတစ်ယောက်ပါ။ ရှုံးပွဲလုံးဝမရှိသေးတဲ့ အဲရိုလ်စပန့်အနေနဲ့ ရှုံးပွဲမရှိစံချိန်ကိုလဲ ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်" ဟု ဖော်ပြခဲ့သည်။

AZL

# တိုက်စစ်မှူး လူကာကူ ဒဏ်ရာထပ်မံရရှိခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်မည်ဟုဆို

**ရောမ နိုဝင်ဘာ ၁**

တိုက်စစ်မှူး လူကာကူသည် ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ရက်က ကစားခဲ့သည့် ဆမ့်ဒိုးရီးယားအသင်းနှင့်ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ပြီးနောက် ဒဏ်ရာထပ်မံရရှိခဲ့သဖြင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သော်လည်း ဘယ်လ်ဂျီယံအသင်းနှင့် ကစားရမည့်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်ဖြစ်ကြောင်း နည်းပြအင်ဇာဂီက ပြောကြားခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လူကာကူသည် နွေရာသီအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ဒူးကောက်ကြောဒဏ်ရာကြောင့် ပြိုင်ပွဲစုံ ၁၂ ပွဲခန့်လွဲချော်ခဲ့ရပြီး ဒဏ်ရာမှပြန်လည်သက်သာလာချိန်တွင် အောက်တိုဘာ ၂၆ ရက်က ကစားခဲ့သည့် ပလာဇန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ကာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဆမ့်ဒိုးရီးယားအသင်းကိုသုံးဂိုးပြတ် အနိုင်ရသည့်ပွဲစဉ်တွင်လည်း လူစားဝင်ကစား၍ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုအခါဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားမတိုင်မီ ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြအင်ဇာဂီက "လူကာကူအနေနဲ့ ပြီးခဲ့တဲ့ စနေက ကစားခဲ့တဲ့ပွဲစဉ်မှာ လူစားဝင်ကစားခဲ့ပါသေးတယ်။ အဲ့ဒီနောက်မှာ ယခင်ဒဏ်ရာဟောင်းက ပြန်လည်နာကျင်မှုရှိလာတာကြောင့် လာမဲ့ပွဲစဉ်တွေကို လွဲချော်မှာပါ။ သူ့ဒဏ်ရာက ရက်သတ္တပတ်လောက် အနားယူလိုက်ရင် ကောင်းမွန်သွားမှာပါ။ အသင်းအနေနဲ့တော့ ကမ္ဘာ့ဖလားမတိုင်မီ ကစားရမဲ့ ပွဲစဉ်မှာ အသုံးပြုနိုင်ဖို့ မျှော်လင့်ထားပါတယ်။ သေချာတာကတော့ နိုင်ငံအသင်းအတွက် ကစားရမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအမီတော့ ပြန်လည်ပါဝင်နိုင်မှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# WTA Finals ပြိုင်ပွဲအုပ်စု အဖွင့်ပွဲစဉ်တွင် ဆာဘာလင်ကာနှင့်ဆက်ကာရီတို့ နိုင်ပွဲကိုယ်စီရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် WTA Finals တင်းနစ်ပြိုင်ပွဲအုပ်စုအဆင့် အဖွင့်ပွဲစဉ်များအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက တူနီးရှားတင်းနစ်မယ် အွန်ဂျက်ဘာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂရိတင်းနစ်မယ် ဆက်ကာရီက အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။

ဆာဘာလင်ကာနှင့် အွန်ဂျက်ဘာတို့ပွဲစဉ်တွင် နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသူ အွန်ဂျက်ဘာအား ဆာဘာလင်ကာက (၃-၆၊ ၇-၆၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Belta သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တင်းနစ်ရာသီတစ်ရာသီအတွင်း ချန်ပီယံဆုဖလားများကို ဆွတ်ခူးခဲ့ဖူးသည့် ကစားသမားများကိုသာ ရွေးချယ်၍ ကျင်းပသည့်ပြိုင်ပွဲဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သကဲ့သို့ ပွဲစဉ်တိုင်းနီးပါး အကြိတ်အနယ် ယှဉ်ပြိုင်ကစားရလေ့ရှိသည်။

ဆက်ကာရီနှင့် ပီဂူလာတို့ပွဲစဉ်တွင် ဆက်ကာရီက (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံးတွင် Tie-break အဆင့်ထိ ကစားခဲ့ရသည်။

ဆာဘာလင်ကာက "ကျွန်မအနေနဲ့ WTA Finals တင်းနစ်ပြိုင်ပွဲမှာ ဒုတိယအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ပထမနှစ်တုန်းက အဆင်မပြေဖြစ်ခဲ့ပေမဲ့လဲ ဒီနှစ်မှာတော့ အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းတစ်ခုကို ရရှိခဲ့ပါတယ်။ အွန်ဂျက်ဘာဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ ဗိုလ်စွဲဖို့လဲ ရေပန်းစားနေတဲ့ပြိုင်ပွဲဝင်တစ်ဦးပါ။ အွန်ဂျက်ဘာကို အနိုင်ရခဲ့တဲ့အတွက် ကျွန်မအနေနဲ့ ယုံကြည်မှုပိုရှိလာတယ်။ အွန်ဂျက်ဘာနဲ့ ကစားရမဲ့ ပွဲစဉ်အတွက် ကျွန်မအနေနဲ့ အများကြီး ပြင်ဆင်ခဲ့ရတယ်။ နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ကစားခဲ့တယ်။ နောက်တစ်ဆင့်မှာ တွေ့ဆုံရမဲ့ ကစားသမားတိုင်းက ခက်ခဲတဲ့ကစားသမားတွေပါပဲ။ ဒါကြောင့် အကောင်းဆုံးကစားသွားနိုင်ဖို့ပဲ အာရုံစိုက်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# နိုင်ငံ့စီးပွားထာဝရမြင့်မားရေး အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးဖြင့်ဆောင်ရွက်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များရေးနှင့် ပြည်တွင်းစီးပွားရေး ကောင်းမွန်စေရေးအတွက် ဦးဆောင်ကြိုးပမ်းလျက်ရှိရာတွင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြရပေမည်။ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမှာ ကုန်ကြမ်းများပေါ်များရေး၊ သွင်းအားစုများလုံလောက်စွာရရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးတို့ လိုအပ်သည်။ ကုန်ကြမ်းကို ပြည်တွင်း၊ ဒေသတွင်း၌ လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ သွင်းအားစုနှင့်ပတ်သက်၍လည်း ပြည့်စုံစွာရရှိမည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်သည်။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ရှိရာ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုထက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတဘဲဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း စီးပွားရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိရာ သက်ဆိုင်သူများအနေဖြင့် မိမိတို့၏ MSME လုပ်ငန်းများ အောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ လုပ်ငန်းတစ်ခု အောင်မြင်ရေးမှာ အဓိကသည် စိတ်ဓာတ်ဖြစ်သည်။ စိတ်အားထက်သန်မှုဖြင့်လုပ်ဆောင်မည်ဆိုပါက မည်သည့်လုပ်ငန်းမဆို အောင်မြင်မည်သာဖြစ်သည်။ အခက်အခဲနှင့်ကြုံသည့်အခါတိုင်း ထိုအခက်အခဲကို လမ်းတံတားတစ်ခု သဘောထား ဖြတ်ကျော်ကြရမည်ဖြစ်သည်။ အောင်မြင်သူတိုင်းသည် အခက်အခဲကို အနိုင်ယူခဲ့သူများသာဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို လက်တွေ့ဥပမာအဖြစ်ကြည့်မည်ဆိုလျှင် ထင်ထင်ရှားရှားမြင်တွေ့နိုင်သည်မှာ အခက်အခဲပေါင်းများစွာကို အောင်မြင်စွာ အနိုင်ယူခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဆိုသည့်ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း တွေ့ရမည်။ အခြားသောကဏ္ဍများကိုအသာထား၍ စီးပွားရေးကဏ္ဍကို လေ့လာကြည့်ပါက "စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး"ဟူသော စီးပွားရေးဦးတည်ချက်သုံးရပ်စလုံးကို အောင်မြင်စွာဆောင်ရွက်ပေးလျက်ရှိသည်မှာလည်း ပြည်သူတစ်ရပ်လုံးသိမြင်ကြပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ဦးဆောင်ချိန်မှစ၍ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသောအခက်အခဲ၊ နိုင်ငံရေးအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံ့စီးပွားရေးပျက်ယွင်းအောင် ဆောင်ရွက်မှုများဖြစ်ပေါ်ခဲ့သည်။ စက်ရုံ၊ အလုပ်ရုံများ ရပ်တန့်စေရန် ဆောင်ရွက်မှု၊ လုပ်ငန်းခွင် ဝင်ရောက်ခြင်းများကို ခြိမ်းခြောက်မှုနှင့်အကြောက်တရားများဖြစ်ပေါ်အောင် ဆောင်ရွက်မှုများရှိခဲ့သည်။ ထို့ပြင် ငွေကြေးလည်ပတ်သုံးစွဲမှုများကို ထိခိုက်အောင်၊ ဘဏ်စနစ်ပြိုလဲအောင် နည်းလမ်းမျိုးစုံဖြင့် ထိုးနှက်ခြင်းများကိုကြုံတွေ့ခဲ့ရသည်။ ယခုအခါ ထိုအခြေအနေဆိုးအမျိုးမျိုးကို အောင်မြင်စွာကျော်လွှားဖြတ်သန်းနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား အောက်တိုဘာ ၃ ရက်က တွေ့ဆုံဆွေးနွေးပြောကြားစဉ် **"ထုတ်ကုန်ပစ္စည်းများရောင်းချရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးအမြတ်နည်းနည်းဖြင့်များများရောင်းချနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်လည်ပတ်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိ၏မူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေပိုမိုရရှိရေး များများရောင်းနိုင်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့်ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံအလိုက်စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မနားမနေဆောင်ရွက်နေမှုပုံရိပ်များကိုမြင်တွေ့ရသည်မှာ ပြည်သူလူထု၏မျှော်လင့်ချက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မောင်းနှင်အားများတွင် စီးပွားရေးမောင်းနှင်အားသည် အဓိကဖြစ်ပေရာ စီးပွားရေးတိုးတက်မှုသာ အရာရာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ စီးပွားရေးကောင်းမွန်နေပါက နိုင်ငံတော်တွင်လိုအပ်သောနည်းပညာများ၊ နိုင်ငံတော်ကာကွယ်ရေးအတွက်လိုအပ်သည်များ၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် လိုအပ်ချက်များ အစရှိသည်ဖြင့်လိုအပ်သည်မှန်သမျှ ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအဓိကထားထုတ်လုပ်သည့်နိုင်ငံဖြစ်ပေရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရန်သာ လိုအပ်သည်။ ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးကို နိုင်ငံတော်အစိုးရက ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

**❖ MSME လုပ်ငန်းများမှာ ပြည်တွင်းရှိ လုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်။ တချို့သောလုပ်ငန်းများမှာ လုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရမည့်ကိစ္စရပ်များလည်းရှိသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသလို နိုင်ငံတော်အပိုင်းက ကူညီပံ့ပိုးပေးရမည့်အရာမှန်သမျှကိုလည်း ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ❖**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့်အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများရစေနိုင်သည့် (Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်သည်။ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် "အမျိုးသားပို့ကုန်မဟာဗျူဟာ"၏ ဦးစားပေးပို့ကုန်အမည်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေး" ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိနေသည်။ နိုင်ငံတိုင်းက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဦးတည်ပြီး မူဝါဒမျိုးစုံ ချမှတ်ကျင့်သုံးနေကြသည်။ အချို့သောနိုင်ငံများမှာ လူဦးရေကများပြားပြီး စားနပ်ရိက္ခာက မလုံလောက်မှုနှင့် ကြုံတွေ့နေကြရသည်။ အထူးသဖြင့် စားနပ်ရိက္ခာအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမရှိသည့်နိုင်ငံ၊ နည်းပါးလှသည့်နိုင်ငံတိုင်းတွင် စားနပ်ရိက္ခာဖူလုံရေးမှာ အလှမ်းဝေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝကဖန်တီးပေးထားသည့် စိုက်ပျိုးမြေများ ပိုင်ဆိုင်ထားသည်။ မြေကြီးကရွှေသီးသည်ဟု ဆိုရလောက်အောင် စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်။ စပါးနည်းတူ အခြားသောသီးနှံများလည်း ဖြစ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည်အခွင့်အလမ်းကောင်းများ များစွာပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဝေဖန်ပြောကြားနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အမြဲမပြတ်ထုတ်လုပ်၍ ပြည်ပသို့ပို့ကုန်များ တင်ပို့နိုင်ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ များစွာထိခိုက်ကျဆင်းသွားခြင်းမရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်လျက်ရှိရာတွင် ပြည်တွင်းအားဖြင့် တည်ဆောက်ခြင်းဖြစ်သည့်အတွက် အောင်မြင်မှုများ ရရှိလာမည်သာဖြစ်သည်။

တိုင်းပြည်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်ပကို တတ်နိုင်သမျှမှီခိုမှုမပြုရန် နိုင်ငံတော်အကြီးအကဲအနေဖြင့် အမြဲပြောကြားလျက်ရှိသည်မှာ ခေတ်အဆက်ဆက်တွေ့ကြုံသည့် သင်ခန်းစာများအရ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပကိုအားကိုးနေ၍မရဘဲ ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် အဓိကထွက်ကုန်များကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၂)တွင် အမှာစကားပြောကြားရာ၌ **"နောက်တစ်ခုက MSME နဲ့ ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း တကယ်အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့ မရဘူး။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကတော့ အားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိက ထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေလုပ်ရမယ်။ ဒေသလိုက်ဒေသလိုက်မှာ၊ ခရိုင်ပေါင်း ၁၂၀ ကျော်ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်ကကောင်းနေရမယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

MSME လုပ်ငန်းများမှာ ပြည်တွင်းရှိလုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်။ တချို့သောလုပ်ငန်းများမှာ လုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရမည့်ကိစ္စရပ်များလည်းရှိသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသလို နိုင်ငံတော်အပိုင်းက ကူညီပံ့ပိုးပေးရမည့်အရာမှန်သမျှကိုလည်း ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အရင်းအနှီးနှင့်ပတ်သက်၍ MSME လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် ကိုယ်တိုင်ကြိုတင်အားထုတ်ဆောင်ရွက်ပြီး ခိုင်မာသည့်လုပ်ငန်းများရှိလာချိန်တွင် နိုင်ငံတော်မှရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးချေးငွေနှင့် စီးပွားရေးချေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပြီး

စာမျက်နှာ ၁၁ သို့ ➤

# လားရှိုးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်


၂၀၁၈ ခုနှစ် လားရှိုးတန်ဆောင်တိုင်ပွဲတော်ကို တွေ့ရစဉ်။

**လားရှိုး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် လားရှိုးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း လားရှိုးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးစိုင်းအုန်းမြင့်က ပြောပြ၍ သိရသည်။

လားရှိုးတန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှစတင်ကာ နိုဝင်ဘာ ၇ ရက်ထိ လားရှိုးမြို့အဝင်ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်ပရိဝုဏ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"စတုတ္ထအကြိမ်မြောက် လားရှိုးတန်ဆောင်တိုင်ပွဲတော်ကို လားရှိုးမြို့အဝင်ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော် ပရိဝုဏ်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ နိုဝင်ဘာ ၄ ရက်မှာ ပြည်သူ့ဥယျာဉ်ဖွင့်ပွဲနဲ့အတူ တေးဂီတဖျော်ဖြေမှု အစီအစဉ်နဲ့ ပွဲတော်ကို စတင်မှာဖြစ်တယ်။ နိုဝင်ဘာ ၆ ရက်မှာ မီးပုံးပျံပွဲတော်ဖွင့်ပွဲဆောင်ရွက်မှာဖြစ်ပါတယ်။ နိုဝင်ဘာ ၇ ရက်မှာ မီးပုံးပျံလွှတ်တင်ပွဲကို တေးဂီတဖျော်ဖြေမှုတွေနဲ့ စည်စည်ကားကား ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးစိုင်းအုန်းမြင့်က ပြောပြသည်။

လားရှိုးတန်ဆောင်တိုင်ပွဲတော်၏ မီးပုံးပျံပွဲတော်တွင် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအပြင် အလှမီးပုံးပျံငယ်များ၊ ခိုဖြူမီးပုံးပျံ၊ ဆင်ရုပ်မီးပုံးပျံများကိုလည်း လွှတ်တင်သွားမည်ဖြစ်သည်။

လားရှိုးတန်ဆောင်တိုင်ပွဲတော်ကို ၂၀၁၆ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်အလှူ ကျင်းပမည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်အလှူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်အလှူကို နိုဝင်ဘာ ၅ ရက်တွင် ကလေးဝတောရစာသင်တိုက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကထိန်အလှူအတွက် ပဒေသာပင်များကို နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အဆိုပါစာသင်တိုက်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ခင်းနေကျဖြစ်တဲ့ စုပေါင်းမဟာဘုံကထိန်အလှူကို ဒီနှစ် ခင်းဖြစ်ပါတယ်။ အနုပညာရှင်တွေ လှူဒါန်းထားတဲ့ လှူဖွယ်ပစ္စည်းအစုစုနဲ့ ပဒေသာပင်တွေ သီးနေပါတယ်။ ပဒေသာပင်တွေကို နိုဝင်ဘာ ၄ ရက်မှာ ကျောင်းကို ပို့မှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရုပ်ရှင်အနုပညာရှင်များ၊ စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိပြီး အသင်းနာယကကြီး သရုပ်ဆောင် မြင့်မြင့်ခင်၊ အသင်းဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်း၊ အသင်းအလုပ်အမှုဆောင် သရုပ်ဆောင်ရန်အောင်တို့က လှူဖွယ်ပစ္စည်းများကို လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၁၀ မှအဆက်

ယခင်ချေးယူခဲ့သည့် ရင်းနှီးမြှုပ်နှံငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုထိ ဖြေလျှော့ပေးထားသည်။ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှုနည်းပါးမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ်ဆောင်ရွက်လျက်ရှိရာ လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းဖြစ်သည်။ နိုင်ငံတစ်ခုတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများ မြင့်မားနေရန်လိုအပ်သည်။ အဆိုပါ မောင်းနှင်အားသုံးခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်တည်ရှိနေသည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ အခြားသောမောင်းနှင်အားများ တိုးတက်အောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်ခြင်းမရှိပါက နိုင်ငံတစ်နိုင်ငံအတွက် အခက်အခဲမျိုးစုံ နှင့်ကြုံတွေ့ရမည်ဖြစ်သည်ကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်နိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၂၉ ရက်နေ့တွင် တွေ့ဆုံ၍ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ် **"အရည်အသွေးပြည့်မီသည့်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ လူသားအရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံငွေများ လိုအပ်ကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးရေးအတွက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များကိုလည်းထုတ်လုပ်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသည့်ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် ဒေသထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ပြီး ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ များစွာရှိသည်။ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ၊ ထုတ်လုပ်မှုဆိုင်ရာနည်းပညာများ၊ လောင်စာနှင့် စွမ်းအင်များ စသည့်လိုအပ်ချက်ကို ပြည့်စုံအောင်ဆောင်ရွက်ပြီး အကောင်းဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် ထုတ်လုပ်ကြရမည်ဖြစ်သည်။ လုပ်ငန်းရှင်များ၊ လုပ်သားများအားလုံးက မိမိတို့မြန်မာနိုင်ငံ ခေတ်မီတိုးတက်ရေးကိုရှေးရှုကာ ကောင်းမွန်သောစိတ်ထားဖြင့် ကြိုးပမ်းကြမည်ဆိုပါက မြန်မာနိုင်ငံ၏အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး MSME မှာ အစဉ်အမြဲတိုးတက်နေမည်သာဖြစ်ပါကြောင်း။ ။

ဘုန်းမောင်ဝင်း(မျာပုံ)

# The Pack ဇာတ်ကားတွင် မင်းသမီး ဖလောရင့်ပက် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁**

The Pack အမည်ရှိ လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကားတွင် ကမ္ဘာကျော်ဟောလိဝုဒ်မင်းသမီး ဖလောရင့်ပက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

The Pack ဇာတ်ကားကို ဆွီဒင်မင်းသား အလက်ဇန်းဒါးစကားဂါ့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အလက်ဇန်းဒါးစကားဂါ့သည် မင်းသမီး ဖလောရင့်ပက်နှင့်အတူ ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

The Pack ဇာတ်ကားသည် အလာစကာပြည်နယ် တောရိုင်းဒေသအတွင်း စွန့်စားဝင်ရောက်၍ မျိုးသုဉ်းလုဆဲဆဲ ဝံပုလွေမျိုးစိတ်တစ်ခုကို ကယ်ဆယ်ရန် ကြိုးစားခဲ့ပြီးနောက် မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့ရင်ဆိုင်ခဲ့ရသော ချောက်ချားဖွယ်ဖြစ်စဉ်များကို ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

The Pack ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လာမည့်နှစ် မတ်လအတွင်း စတင်မည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# The Ministry of Ungentlemanly Warfare ဇာတ်ကား၌ ဟင်နရီကာဗီးနှင့် အိုင်ဇာဂွန်ဇာလက်တို့ သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၁**

The Ministry of Ungentlemanly Warfare အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဟင်နရီကာဗီးနှင့် မက္ကဆီကို မင်းသမီး အိုင်ဇာဂွန်ဇာလက်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဟင်နရီကာဗီးသည် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီနှင့် ဂျိမ်းစဘွန်းဇာတ်ကောင်ကို ဖန်တီးခဲ့သော စာရေးဆရာ အီယန်ဖလမ်းမင်းတို့ ဖွဲ့စည်းထားသည့် ဒုတိယကမ္ဘာစစ်ကာလတိုက်ပွဲဝင်လျှို့ဝှက်တပ်ဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး အိုင်ဇာဂွန်ဇာလက်က ထောက်လှမ်းရေးသမားများ၏စွမ်းရည်မျိုး ပိုင်ဆိုင်ထားသော လက်ဖြောင့်သေနတ်သမားတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်နောက်ခံရုပ်ရှင်ဇာတ်ကားဖြစ်သည့် The Ministry of Ungentlemanly Warfare ဇာတ်ကားကို ဒါရိုက်တာ ဂိုင်းရစ်ချီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ KKO





# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting 8/2022



Senior General Min Aung Hlaing addresses Union Government meeting 8/2022.

**Nay Pyi Taw November 1**

Union Government held meeting 8/2022 this afternoon at the State Administration Council Chairman's Office here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Union ministers and the Nay Pyi Taw Council chairman were present. Chief ministers of regions and states took part in the meeting through video conferencing.

**Extension of districts for greater effectiveness and facilitation of administrative functions**

In his address, the Senior General said new districts have been set up for effectiveness and facilitation of administrative sector. Administrative functions can be carried more effectively at the district level. New districts have departments and officials essential for regional progress and peace and stability. Priority has been given to courts and law offices for carrying out legal functions, police stations and general administration officials for administrative functions and agriculture, cooperatives, rural development, immigration and population, health, education and construction department offices.

**National economic growth calls for MSME development**

In the previous month, talks were held to develop MSMEs in regions and states and for national economic growth. Due to differences, success did not reach the satisfactory level during the previous successive governments. MSMEs play the pivotal role for national economic development. Policies have been adopted for MSME development, and MSMEs in regions and states should be developed through collective efforts.

**Production businesses based on local raw materials are more beneficial**

99% of MSMEs mainly reply on local market, and using local raw materials is more beneficial for them. Four main requirements of MSMEs are raw materials, investment, inputs and human resources. Using locally produced agricultural raw materials and natural resources will reduce foreign exchange spending and ensure continuous raw material supply. Production industries located in hubs should be encouraged.

Establishment of region/state-wise industrial zones is a requisite, and industries should be set up in district towns also. Such activities will generate more job opportunities and reduce the number of workers moving to cities. Hence, efforts should be made for the success of region/state-wise and district-wise industries.

It is found that MSMEs relying on local raw materials are more effective. The country has a large array of farm-based raw materials. Cage breeding ensures greater success. Agricultural products can be turned into animal feed. Region/state-wise model farms should be set up. MSMEs can boost production in the respective areas through the use of raw materials produced by local farming industry. In this way they will support the local economy.

**Disbursement of loans from the State and paying back debt to the State**

With regard to disbursing loans as capital, the State disbursed loans under respective titles for re-surging the businesses hampered by the outbreak of Covid-19. Due to request of businesspersons, the timeframe of paying back debt was postponed. Only when the State has circular of finance, will the businesses improve. So, loans must be paid back in time. Only when the State regains the loans, will it disburse the finance to other needy persons. All must have dutiful minds.

**Needs of providing inputs to manufacturing, agriculture and livestock farms**

Manufacturing, agriculture and livestock farms need inputs such as electricity, fuel, fertilizers, pesticides and animal feeds. Of them, fuel and fertilizers are essential. The government is striving for ensuring sufficiency of fertilizers and fuel amid the difficulties. Fertilizer is essential in agriculture. Efforts are being made to manufacture fertilizers at home and supply bio-fertilizer. It is necessary to manage systematic livestock farms to produce bio-fertilzer. Likewise, pesticide, electricity and fuel must be sufficient. Arrangements have been made for sufficiency of natural gas and coal for energy. Only when inputs are sufficient, manufacturing will be smooth.

**Needs for sufficient human resources**

Only when human resources are qualified, will it gain qualified work forces. Hence, encouragement must be given to emergence of good human resources. As the country has more than 33 million acres of net cultivable lands, a lot of jobs have been created, As number of workable people are some 30 million between the aged 24 and 74, each person can do more than one acre of land. So, creating job opportunities and a large number of employees can be gained in doing agriculture and livestock farms in rural areas. It is necessary to systematically utilize human resources.

Arrangements are being made to teach agriculture, livestock and technical subjects to students at basic education schools in order to produce human resources. Then, qualified ones can join universities and institutes related to agriculture, livestock and technical institutes. Human resources must be turned out without fail. Hence, relevant ministries and region and state authorities need to systematically manage human resources.

MSME industries face technical hindrances. Relevant ministries need to fulfill the needs of technologies. Products of MSMEs must be showcased at expos for seeking markets with the assistance of the government.

In the economic sector, the country possessed US$35.51 million of trade surplus within six month period from April to September. In scrutinizing the trade process, fuel, cooking oil, steel ware, fertilizers, dairy products and other goods were imported in 2022-23 fiscal year. In order to reduce import goods, MSMEs need to strive for successful production at home.

MSME aims to enhance manufacturing of domestic businesses, substitute import goods and increase export products. Hence, MSME industries are being encouraged. If domestic production increases, import volume can be reduced. It is necessary to prioritize that if high quality products based on agriculture and livestock farms can be produced, these will be export goods.

**Reducing import of fuel and cooking oil can reduce spending of foreign exchange**

It is necessary to reduce import of fuel. Hence, more volume of electricity must be generated. It needs to reduce import of fuel and cooking oil. Use of fuel must be saved. If rail transportation will be emphasized, fuel consumption will be reduced. Cargo transportation has still weakness. Ministries are to collectively implement the reduction of fuel consumption to have success.

In order to reduce import of cooking oil, it is necessary to enhance production of oil at home. If farmers can strive for increasing per-acre yield of oil crops, cooking oil production will increase more than now. Emphasis must be placed for increasing per-acre yield of oil crops. If import of fuel and cooking oil can be reduced, spending of foreign exchange will decline much.

**It is necessary to produce paper needed for the country**

The country needs paper to publish newspapers, magazines, journals and school textbooks. Therefore, paper has to be imported from other countries. The country is abundant in wood and bamboo to produce paper as well as paper factories. However, paper cannot be produced at home due to various reasons. It will be of great benefit for the country if paper can be produced at factories at home. Similarly, pulp must also be produced domestically.

Forest coverage of the country has decreased and illegal logging has increased. It is necessary to restore forests. *See Page 13*

*From Page 12*

The country has a large number of bamboo forests. It will be of great benefit for the country if paper can be produced from bamboo. Respective states and regions are required to carry out bamboo production systematically. Efforts must be made for reforestation. Forests must be replanted as of the upcoming rainy season by developing plans as a national objective. The government must take measures to produce paper sufficiently while inviting private and foreign investments.

**Ministries are required to spend budget allocations of the country beneficially**

As tasks of the country are carried out by spending the revenues collected by the government, respective ministries are required to spend their budgets systematically and measures must be taken not to spend budgets on unnecessary tasks. Ministries that carry out business activities may face profits and losses but efforts must be exerted to prevent losses as much as possible. Respective ministries must review unnecessary tasks and report them to authorities. The government must encourage private businesses. However, the government has engaged in business due to the needs of the country. In doing so, the government must not weaken the competitiveness of private businesses and is required to encourage them.

**It is necessary to save precious water**

As the rainfall this year is below average and is lower than the same period last year, inflow of water to some dams is low. Therefore, it is necessary to use irrigation water effectively and systematically in agriculture. Water must not be wasted and it is necessary to save water. Mandalay Region, Magway Region and Sagaing Region may face shortages during the upcoming summer. Therefore, responsible officials are required to take measures to supply water proactively.

Then, the Senior General elaborated on two national tasks of prosperity of the country and abundant supplies of food, water and basic needs, saying, **"I have already pointed out in my policy that the country must be prosperous and must possess abundant supplies of food, water and basic needs. At the current paddy yield, we have rice surpluses. We have exported pulses and beans as well as oil crops without interruption. So, we have chances to do more. As I said, we have 33 million acres for cultivation and if we can cultivate mixed crops and double crops, we can boost crop yields significantly. My policy is not to expand cultivation acreage. However, it is necessary not to decrease the cultivation acreage. If it is necessary, new plots of land can be developed. Total acreage for cultivation must remain intact. We will set per-acre yield goals. If we can cultivate double crops and boost yields, we can increase the incomes for the country significantly. This is sure. Therefore, union ministries and chief ministers are required to always take this into consideration and to give priority to producing abundant supplies of food, water and basic needs. If we can sell more crops, the country will receive more income and will be prosperous. Prosperity of the country means possessing a large sum of money as well as enjoying peace of mind. It is necessary to be rich, to enjoy peace of mind and to maintain the rule of law. Only then, will the country be prosperous. Otherwise, we will have to be worried. Although we are rich, we will have to sleep with all our belongings by assigning guards if security cannot be guaranteed. We will have to be worried that our belongings might be robbed at any time. There are such issues. It is the objective that we should implement for our country. It is for the prosperity of the country and possessing abundant supplies of food, water and basic needs. We must pursue our objectives. Therefore, I would like to urge union ministers and chief ministers to carry out tasks for possessing abundant supplies of food, water and basic needs in their respective sectors. For the prosperity of the country, we need to maintain the rule of law and, as I said, to generate incomes for the public by manufacturing a large number of products. We need to carry out tasks for the prosperity of the people. Only then, will our government be able to fulfill its responsibilities. Otherwise, the government will fail to fulfill its responsibilities. We are trying to fulfil the criteria at present. When a new government has been formed, they will criticize our government. We criticized two previous governments. We pointed out tasks carried out by the SLORC and the SPDC. To be praised by the new government, we must try to achieve success in our tasks. I am just touching on all I have said. There are so many details that I have to touch on the main point. I would like to urge ministers at today's meeting to place a special emphasis on the objectives".**

Next, the Union ministers in attendance reported on their respective sectors.

In his concluding remark, the Senior General said measures are being taken to the diamond jubilee Independence Day which falls on 4 January 2023 on a grand scale. The celebration will include exhibitions, contests, decorated vehicles, booths and sport events. As it is the only chance for the government in 75 years, measures will have to be taken to hold the celebration on a grand scale. It is also necessary to hold sports event on a grand scale and consider the sustainable development of the country's sport standard.

When it comes to staff, officials concerned need to treat them warmly and ensure a fair governance. Their work performances must be recognized. Enterprises under various ministries must do business while the departments need to correctly follow the policies adopted their ministries. As such, those responsible need to adopt correct policies while orders and instructions they adopted must be effective. In doing business operations, sector-wise assigned tasks must be carried out with the equipment and workforce they have. Businesses should not be privatized unnecessarily. Departments and enterprises alike need to perform their duties in a correct manner. Salaries and wages cannot be increased without any economic progress in the country. Therefore, officials from respective ministries are to work hard for national development and for the State to earn revenues it deserves.

Regarding electricity consumption, a really-needed amount should be used while measures are necessary for government offices, departments, hospitals and schools to have natural light. Moreover, departmental officials in cooperation with the public need to carry out regular tasks for community beautifying and tidiness. Security forces for their part are to work hard to ensure the rule of law and regional peace and stability. Officials from the Agriculture Department need to manage for getting real cultivation acreages in respective regions and states, and the ministry concerned also needs to scrutinize.

As for bamboo production, Myanmar is expected to produce about 265 million bamboos a year, and Sagaing, Bago, Magway and Ayeyawady regions and Shan State (North) are largest producers. If pulp can be produced from bamboos produced from across the country, there will be about 4 million tons of pulp that is enough to produce paper the country needs. Besides, surpluses can be exported. Thus, relevant ministries are to cooperate in fully running the paper factories across the country.

For boosting production of rice for export purposes, designated regions and states need to engage in growing high-yield and quality paddy strains as double cropping. Relevant ministries need to make concerted efforts to boost export items for the State to earn foreign exchange income. It is necessary to know market requirements of other countries and seek foreign markets for national economic growth, said the Senior General. 100

# Morbi bridge collapse: India PM Modi visits site

**Delhi November 1**

Prime Minister Narendra Modi is in Morbi district in India's western state of Gujarat where a bridge collapse has killed more than a hundred people in one of the worst accidents in years.

The colonial-era bridge collapsed into the Machchu river on Sunday, days after it reopened after repairs.

Search and rescue operations on the river resumed on Tuesday.

Nine people, including employees of a firm contracted to maintain the bridge, have been arrested.

The 230m (754ft) bridge on the Machchu river was built during British rule in the 19th Century.

The bridge was a major local tourist attraction - touted by the state's tourism website as an "artistic and technological marvel" - and reopened only last week after being shut for months for repairs.

Reports said that several hundred people were on the structure when it collapsed at around 18:40 India time (13:10 GMT) on Sunday.

Eyewitnesses described scenes of chaos as people clung on to the wreckage, waiting for rescue teams to save them.

Some tried to swim to the banks of the river and managed to survive but many others were swept away by the fast-moving water.

The police on Monday said at least 141 people had been killed, but later revised that number to 135, without giving a reason for the updated toll.

BBC

# Itaewon crush: First emergency call came hours before crush

**Seoul November 1**

The first call to police from Itaewon came at 18:34 local time - several hours before the deadly crush took place.

The caller to South Korea's 112 emergency number said they were on the main street to Itaewon and an alley next to the Hamilton hotel was becoming dangerously crowded.

"That alley is really dangerous right now people going up and down, so people can't come down, but people keep coming up, it's gonna be crushed. I barely made it to get out but it's too crowded. I think you should control it," the caller said.

The police officer asked if the caller meant that people weren't flowing well, that "they get crushed and fall, and then there's going to be a big accident?"

Yes, the caller responded - "this is so chilling right now".

That was the first of at least 10 calls to police over the next three hours. But that night, local residents say, the police presence was wholly inadequate.

Mounting evidence, experts and a series of official apologies point to glaring failures. Local officials and police were simply not prepared for the crowds that had gathered, and struggled to manage them once they were there.

Earlier on Tuesday South Korea's police chief said their emergency response was "inadequate" - the first acknowledgement from officials that they did not do enough to prevent it.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနိုင်ငံတစ်ဝန်းရှိ အရေးပါသောအခြေခံအဆောက်အအုံများကို ရုရှားက လေကြောင်းဖြင့်တိုက်ခိုက်ခဲ့



ရုရှားသည် ယူကရိန်းနိုင်ငံတစ်ဝန်းရှိ အရေးပါသော အခြေခံအဆောက်အအုံများကိုလေကြောင်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက်က ယူကရိန်းအာဏာပိုင်များက သတင်းများဖြင့်အစီရင်ခံခဲ့ပြီး အာဏာပိုင်တစ်ဦးက ဒုံးကျည်အစင်း ၄၀ ခန့် ပေဟင်တွင်တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းဒေသအားလုံးသည် အောက်တိုဘာ ၃၁ ရက်နံနက်ပိုင်းတွင် လေကြောင်းအချက်ပေးသံများ ထွက်ပေါ်လာပြီး မြို့တော်ကီယက်ဗ်အပါအဝင် နိုင်ငံအနှံ့အပြားတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီး၏ လက်ထောက်တစ်ဦးဖြစ်သည့် Anton Gerashchenko က ဖုံးခိုကျင်းလို အမိုးအကာတွေအောက်ကို ဝင်နေကြရန် ပြည်သူများကို တိုက်တွန်းခဲ့ပြီး လူမှုကွန်ရက်မှတစ်ဆင့် ယခုအချိန်တွင် ရုရှားဒုံးကျည်အစင်း ၄၀ ခန့်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို ဝင်ရောက်တိုက်ခိုက်နေသည်ဟု ရေးသားဖော်ပြထားသည်။

ထိခိုက်မှုတချို့ကို ဒေသဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားထားသည်။

စွမ်းအင်အခြေခံအဆောက်အအုံများ ပျက်စီးမှုကြောင့်တိုက်ခန်းပေါင်း ၃၅၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း ကီယက်ဗ်မြို့တော်ဝန် Vitaly Klitschko က ပြောသည်။

Kharkov မြို့တော်ဝန် Igor Terekhov က အရေးကြီးသောအခြေခံအဆောက်အအုံနေရာကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု နှစ်ခုရှိခဲ့ကြောင်း၊ မြို့တော်၏ မက်ထရိုစနစ် (မြေအောက်မီးရထားစနစ်)လည်း ရပ်ဆိုင်းထားခဲ့ရကြောင်း ပြောကြားခဲ့သည်။

Cherkasy ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအကြီးအကဲ Igor Taburets က အရေးပါသောအခြေခံအဆောက်အအုံများကို တိုက်ခိုက်ခံခဲ့ရကြောင်း သတင်းပို့ခဲ့ပြီး အချို့နေရာများတွင် မီးပျက်သွားကြောင်း ပြောကြားခဲ့သည်။

Vinnitsa ဒေသရှိ ဒေသဆိုင်ရာအကြီးအကဲ Sergey Bozov က ဒုံးကျည်တစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး အရပ်ဘက်လူနေရပ်ကွက်များတွင် ကျရောက်ခဲ့သည်ဟု ပြောကြားခဲ့သည်။

Zaporozhye မြို့ရှိ Dniepper ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ဝန်ဆောင်မှုပေးနေသည့် ထရန်စဖော်မာစက်ရုံတစ်ခု ထိခိုက်ခဲ့ကြောင်း လူမှုမီဒီယာတွင်ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အရေးပါသော ရုရှားအခြေခံအဆောက်အအုံများအပေါ် ကီယက်ဗ်၏တိုက်ခိုက်မှုမှန်သမျှကို တူညီသောတုံ့ပြန်တိုက်ခိုက်မှုများဖြင့် ပြတ်သားစွာတုံ့ပြန်လုပ်ဆောင်မည်ဟု ပြောကြားထားခဲ့ပြီးဖြစ်သည်။

ယူကရိန်းသမ္မတဗလာဒီမာဇီလန်စကီး သမ္မတရုံး၏ လက်ထောက်အကြီးအကဲ Kirill Tymoshenko က ယခုအပတ်မှစတင်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများသည် အရေးပေါ်တုံ့ပြန်မှုမဟုတ်ဘဲ ပုံမှန်အခြေအနေတစ်ရပ်ကဲ့သို့ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းနှင့် ခက်ခဲလိမ့်မည်ဟု ၎င်းက ဆိုသည်။

**Airstrikes on critical infrastructure reported across Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နှင့် တောင်ကိုရီးယားတို့ အကြီးမားဆုံးပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု စတင်

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ၎င်းတို့၏ အကြီးမားဆုံးပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုတစ်ခုကို အောက်တိုဘာ ၃၁ ရက်တွင် စတင်ခဲ့ပြီး နှစ်ဖက်စလုံးမှ ရာနှင့်ချီသော စစ်လေယာဉ်များပါဝင်ကြမည်ဖြစ်ပြီး အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် တစ်ပတ်လျှင် ၂၄ နာရီပတ်လုံး သဏ္ဌာန်တူတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြထားသည်။

Vigilant Storm ဟုအမည်ပေးထားသည့် အဆိုပါ အကြီးမားဆုံး ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၄ ရက်ထိ လုပ်ဆောင်မည်ဖြစ်ပြီး စစ်လေယာဉ်အစင်း ၂၄၀ ခန့်ပါဝင်မည်ဖြစ်ကြောင်း အမေရိကန်လေတပ်က ပြီးခဲ့သည့်သီတင်းပတ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မြောက်ကိုရီးယားက ၎င်းလေ့ကျင့်မှုကို အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ရန်လိုသောမူဝါဒများကို သက်သေပြရန်နှင့် ကျူးကျော်ရန်စလိုသည့်လေ့ကျင့်မှုများအဖြစ် ရှုတ်ချခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်သည့်အနေဖြင့် မကြာသေးမီက မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်များပစ်လွှတ်ခြင်း၊ လေကြောင်းလေ့ကျင့်မှုများပြုလုပ်ခြင်းနှင့် အမြောက်များဖြင့် ပင်လယ်ထဲသို့ပစ်လွှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုနှစ်အတွင်း စံချိန်တင်ဒုံးကျည်ပစ်လွှတ်မှု အကြိမ်ရေများစွာပြုလုပ်ခဲ့ပြီး၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်နျူကလီးယားစမ်းသပ်မှု ပြန်လည်စတင်ရန်ပြင်ဆင်မှုများပြုလုပ်နေသည့် မြောက်ကိုရီးယားနိုင်ငံသည် အလားအလာရှိသောခြိမ်းခြောက်မှုများကိုတန်ပြန်ရန် အဆိုပါပူးတွဲလေ့ကျင့်မှုမျိုးလိုအပ်ကြောင်း မဟာမိတ်များက ပြောကြားခဲ့သည်။

Vigilant Storm တွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့က F-35 ကိုယ်ပျောက် တိုက်လေယာဉ်မျိုးကွဲများပါဝင်ပြီး အခြားလေယာဉ်များစွာ ပါဝင်လေ့ကျင့်ကြကြောင်း၊ ဩစတြေးလျနိုင်ငံက ၎င်းလေ့ကျင့်မှုအတွက် လေဟင်ဆီဖြည့်လေယာဉ်တစ်စင်းကိုလည်း ဖြန့်ကြက်အားဖြည့်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့်အမေရိကန်လေတပ်တို့သည် လေ့ကျင့်ရေးကာလအတွင်း တစ်ရက်လျှင် ၂၄ နာရီပတ်လုံးလေကြောင်းထောက်ပံ့မှု၊ ကာကွယ်ရေးတန်ပြန်လေကြောင်းပစ်ကူနှင့်အရေးပေါ်လေကြောင်း စစ်ဆင်ရေးများကဲ့သို့သော အဓိကလေကြောင်းစစ်ဆင်ရေးမစ်ရှင်များဆောင်ရွက်ရန်ပူးတွဲလုပ်ဆောင်သွားမည်ဟု အမေရိကန်လေတပ်က ပြောကြားခဲ့သည်။



**U.S. and South Korean warplanes begin largest ever air drills ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျက Bushmasters ကာကွယ်ရေးအထူးယာဉ်များ ယူကရိန်းနိုင်ငံသို့ ထပ်မံပေးပို့

ဩစတြေးလျနိုင်ငံသည် နောက်ထပ် Bushmaster ကာကွယ်ရေးအထူးယာဉ်များ အစီး ၃၀ ကို ယူကရိန်းတပ်ဖွဲ့ထံပေးပို့ထားကြောင်း အတည်ပြုခဲ့သည်။

နောက်ဆုံးပေးအပ်ခဲ့သည့် စစ်ရေးအကူအညီနှင့်ဆိုလျှင် ယူကရိန်းကို ပေးပို့ခဲ့သည့် Bushmasters ကာကွယ်ရေးအထူးယာဉ်အရေအတွက်အစီး ၉၀ ထိ ရှိလာပြီလည်းဖြစ်သည်။



ယူကရိန်းသမ္မတ၊ ကာကွယ်ရေးဝန်ကြီးနှင့် သံအမတ်တို့က ထပ်မံတောင်းဆိုခဲ့တဲ့အတွက် ပေးပို့ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ယူကရိန်းစစ်ဘက်က Bushmasters ကာကွယ်ရေးအထူးယာဉ်များ ရောက်ရှိပြီးကတည်းက ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည်ဟု ဩစတြေးလျဒုတိယဝန်ကြီးချုပ် Richard Marles က ပြောကြားခဲ့သည်။

မော်တော်ယာဉ်များနှင့်အတူ ဩစတြေးလျနိုင်ငံသည် Operation Interflex စစ်ဆင်ရေးတွင် ယူကရိန်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရာတွင် ကူညီရန်အတွက် လာမည့်နှစ်တွင် ဗြိတိန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ဦးရေ ၇၀ ထိ တပ်စွဲသွားမည်လည်းဖြစ်သည်။

"ကျွန်ုပ်တို့၏စစ်သားများသည် ရုရှား၏ခိုင်လုံမှုမရှိသောရန်စမှုများကိုတွန်းလှန်ရန်အတွက် မဟာမိတ်ယူကရိန်းတပ်ဖွဲ့များကိုသင်တန်းပေးရန် ဗြိတိန်ရှိ ကြီးမားသောလေ့ကျင့်ရေးအစီအစဉ်၏တစ်စိတ်တစ်ပိုင်းတွင် ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု ဩစတြေးလျဒုတိယဝန်ကြီးချုပ် Richard Marles က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထပ်မံထောက်ပံ့မှုများ ပေးအပ်နိုင်ရေးလုပ်ဆောင်နေစဉ်မှာပဲ ဩစတြေးလျနိုင်ငံမှ တပ်ဖွဲ့ဝင်များအနေဖြင့် ယူကရိန်းစစ်ပွဲတွင် ပါဝင်ဆင်နွှဲမည်မဟုတ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

Bushmasters သံချပ်ကာယာဉ်များနှင့်အတူ ဩစတြေးလျနိုင်ငံသည် M113-AS4 သံချပ်ကာ လူသယ်ယာဉ်များနှင့် M777 155mm အပေါ့စား ယာဉ်ဆွဲဟောင်ဝစ်ဇာအမြောက်များ ယူကရိန်းသို့ပေးပို့ခဲ့ပြီးဖြစ်သည်။

ဇူလိုင်လတွင် အယ်လ်ဘေးနီးစ်အနေဖြင့် ယူကရိန်းသမ္မတဗလာဒီမာဇီလန်စကီးနှင့် ယူကရိန်းတွင်တွေ့ဆုံစဉ် နောက်ထပ်စစ်ရေးထောက်ပံ့မှု ဒေါ်လာ ၆၈ သန်းအကူအညီပေးရန် ကတိပြုခဲ့ကြသည်။

ရုရှားနိုင်ငံ၏ အထူးစစ်ဆင်ရေးစတင်ကတည်းက ဩစတြေးလျနိုင်ငံသည် ယူကရိန်းအတွက် ဩစတြေးလျဒေါ်လာ ၆၅၅ သန်း (အမေရိကန်ဒေါ်လာ သန်း ၄၂၀) အကူအညီနှင့် စစ်ရေးအကူအညီ ဩစတြေးလျဒေါ်လာ ၄၇၅ သန်း(ဒေါ်လာ ၃၀၅ သန်း) ထောက်ပံ့ပေးခဲ့သည်။

**Australia to Provide Ukraine With Additional Bushmasters ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၅၉၂၅ ကေစိုက်ပျိုးမည်



ငပုတော နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၅၉၂၅ ကေကိုလျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၅၉၂၅ ကေကို ယခုလတတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လက်ရှိစိုက်ပျိုးရန် မြေပြုပြင်သည့် လုပ်ငန်းများနှင့် မျိုးစေ့ပျိုးထောင်သည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားပိုဆောင်သီးနှံတွေကိုလဲ စိုက်ပျိုးလျက်ရှိပါတယ်။ ယခုနှစ် စားပိုဆောင်သီးနှံ ၅၉၂၅ ကေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားပိုဆောင်သီးနှံတွေ လျာထားတဲ့ကေအတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ ပြင်ဆင်ပြီးတာနဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားပိုဆောင်သီးနှံကတော့ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားပိုဆောင်သီးနှံ ၅၉၂၅ ကေကို ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာခွဲ ၁၈ ရွာမှ ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားပိုဆောင်သီးနှံ ၅၉၂၅ ကေတွင် ငရုတ်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ ဂျူးမြစ်၊ သခွား၊ ဘူးသီး၊ ရွှေဖရုံ၊ ပိန်းဥ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါး၊ ကြက်သွန်နီ စသည့်သီးနှံများကိုအများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ပွင့်ဖြူ နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၉၆၅ သန်းဖြင့် ဆောင်ရွက်သည့် ကျောင်းစုကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျောင်းစုကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာတွင် အရှည် ၁ ဒသမ ၃ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ Slab Culvert တစ်စင်း၊ Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို Shwe Group ကုမ္ပဏီမှ ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာသုံးရွာ၊ အိမ်ခြေ ၉၀၂ အိမ်၊ လူဦးရေ ၃၈၇၆ ဦး၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော သီးနှံများဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခင်မာ**

# မိုးနဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဆင်း

မိုးနဲ နိုဝင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောတာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မိုးနဲမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကိတ်ခြောက်၊ ကိတ်မုန့်၊ သီးစုံကိတ်စသည့်မုန့်အမျိုးမျိုးကို ကျွမ်းကျင်ဆရာမများက အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ စာတွေ့၊ လက်တွေ့ ခုနစ်ရက်ကြာ အခမဲ့သင်ကြားခဲ့ကြောင်း နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းထံမှ သိရသည်။

**မောင်နိုင်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၃၂၀၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဇိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၄၂၂၅/၄၃၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဂုဏ်ပြုယာဉ်များတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

တည်ဆောက်ရေးလုပ်ငန်းနှင့် အညီ ဂုဏ်ပြုယာဉ်၏ ကိုယ်ထည်တည်ဆောက်မှုပိုင်းနှင့် မြန်မာမှုရုပ်လုံးရုပ်ကြွများနှင့် အချောထည် တည်ဆောက်ခြင်းအပိုင်း နှစ်ပိုင်းခွဲထားပြီး ကိုယ်ထည်တည်ဆောက်မှုပိုင်းအနေဖြင့် ယာဉ်ပေါ်တွင်ပြသမည့် ပစ္စည်းများ၏ အလေးချိန်ကိုခံနိုင်အောင် တောင့်တင်းခိုင်မာရန်လိုပါကြောင်း၊ အသုံးပြုမည့်ပစ္စည်းများကို Steel Angle၊ C-Channel တို့နှင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အရန်တန်းများကို Aluminium Hollow သုံးပြီး အထပ်သားကပ်ခြင်းဖြင့် ကိုယ်ထည်အပိုင်းကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဂုဏ်ပြုယာဉ်များ



တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာမှုရုပ်လုံးရုပ်ကြွ၊ ပန်းပု၊ ပန်းချီများနှင့် ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်များ၊ ဝန်ကြီးဌာနများ၏ အထင်ကရကြိုးပမ်းလုပ်ဆောင်ချက်များကို နိုင်ငံတော်အဆင့်နှင့်အညီ လက်ရာလက်သားကောင်းမွန်ရန် ယခုကတည်းက အချိန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့ဆောင်ရွက်ကြမည့် ဂုဏ်ပြုယာဉ်များဖြင့် ခမ်းခမ်းနားနား အောင်မြင်အောင်ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုယာဉ်များတည်ဆောက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယစစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအတွက် ဂုဏ်ပြုယာဉ်များတည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်သတ်မှတ်ချက်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်တို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်ရန်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုယာဉ်များ သတ်မှတ်အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၇ မှအဆက်**

**အဲဒီတော့ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်နဲ့လုပ်မယ်။ သီးထပ်စေရအောင်လုပ်မယ်၊ တိုးမြှင့်အောင်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည် ဒီထက်ဝင်ငွေများစွာ ရမှာဖြစ်ပါတယ်။ သေချာပေါက်ဖြစ်ပါမယ်။ ဒါကြောင့် ဒါကိုကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများရော၊ ဝန်ကြီးချုပ်များကနေပြီးတော့ အမြဲတမ်းထည့်သွင်းစဉ်းစားပြီးတော့မှ ဦးစားပေးအနေနဲ့ စားရေရိက္ခာပေါ်များရေး၊ ထွက်လာတဲ့ဟာ များများရောင်းရလို့ရှိရင် တိုင်းပြည်ဝင်ငွေရရင် တိုင်းပြည်သာယာဝပြောမှုဖြစ်မှာပဲ။ တိုင်းပြည်သာယာဝပြောတယ်ဆိုတာ ငွေချမ်းသာဖို့လည်းရှိလိမ့်မယ်။ စိတ်ချမ်းသာဖို့လည်းလိုတယ်။ ငွေချမ်းသာဖို့၊ စိတ်ချမ်းသာဖို့လိုတယ်။ တရားဥပဒေစိုးမိုးရေးဖြစ်ဖို့လည်းလိုတယ်။ ဒါမှ တိုင်းပြည်သာယာဝပြောမှာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့၊ ငွေကတော့ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေါ့။ ငါ့ပစ္စည်း ဘယ်အချိန်လာလုမလဲဆိုပြီးဖြစ်နေရမှာ။ ဒါတွေကလည်း ရှိသေးတာပေါ့။ ရည်မှန်းချက်က တကယ့်ကိုတိုင်းပြည်အတွက်ဖြစ်သင့်တဲ့ ရည်မှန်းချက်ပါ။ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါ်များရေး။ ဒါကို ကျွန်တော်တို့သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် စားရေရိက္ခာပေါ်များရေးတော့ ပြည်နယ်နဲ့ တိုင်းဝန်ကြီးချုပ်များရော၊ ပြည်ထောင်စုဝန်ကြီးများရော သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်။ တိုင်းပြည်သာယာဝပြောရေးဆိုလို့ရှိရင်လည်း တရားဥပဒေစိုးမိုးရေးနဲ့ ခုနကပြောတဲ့ ထွက်ကုန်ပစ္စည်းတွေ များများလုပ်ပြီးတော့မှ ပြည်သူလူထု ဝင်ငွေရရှိရေး၊ ပြည်သူလူထု ချမ်းသာရေးလုပ်ပေးဖို့က ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။ ဒါဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ အစိုးရရဲ့တာဝန် ကျေတယ်လို့ပြောချင်ပါတယ်။ အဲ့လိုမဟုတ်ရင်တော့ အစိုးရရဲ့တာဝန်မကျေဘူး။ ကျွန်တော်တို့ လုပ်သွားတဲ့ဟာကို မှတ်ကျောက်တင်နေတာပဲ အစရအချိန်မှာ၊ နောင်တက်လာတဲ့အစိုးရလည်း နောင်တက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကို ဝေဖန်လိမ့်မယ်။ ကျွန်တော်တို့လည်း ပြီးခဲ့တဲ့အစိုးရ ကျွန်တော်တို့ဝေဖန်ခဲ့တယ်။ ပြီးခဲ့တဲ့အစိုးရနှစ်ဆက်ကို ဝေဖန်ခဲ့တယ်။ အချို့ဟာတွေမှာ အရင် နဝတ၊ နယကတုန်းက ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောခဲ့တာရှိတယ်။ အဲဒီတော့ ကောင်းတဲ့ ပြောတဲ့ဟာမျိုးကို စံနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဒီဟာကို အောင်မြင်အောင် လုပ်မှရမယ်ဆိုတာ။ ကျွန်တော်ခုနကပြောတဲ့ အကုန်လုံးဆက်စပ်ပြီးတော့ ခြုံငုံပြီးတော့ ရှင်းပြတာပါ။ အသေးစိတ်ပြောမယ်ဆိုရင် အချက်အလက်တွေ အများကြီးရှိတယ်။ ပြောလို့လည်းပြီးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးများကို ဒီနေ့အစည်းအဝေးမှာ ဒါလေးအလေးထားပြီးတော့ ကျွန်တော်မှာချင်ပါတယ်။**"ဟု ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ သရုပ်ပြယာဉ်များ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နှစ်ပေါင်း ၇၅ နှစ်တွင် တစ်ကြိမ်သာရသည့် အခွင့်အရေးဖြစ်သည့်အတွက် ခမ်းနားထည်ဝါစွာ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း အဆင့်မီစွာ ကျင်းပနိုင်ရေးနှင့် အားကစားအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက်ပါ စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အထက်အောက်ခွေးထွေးစွာ ဆက်ဆံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရာတွင် ညီညွတ်မျှတသော အုပ်ချုပ်မှုစနစ်ဖြစ်ရန် လိုအပ်ပြီး ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာနကချမှတ်ပေးသည့် မူဝါဒများကို မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအနေဖြင့် မူဝါဒများကို မှန်ကန်စွာ ချမှတ်ပေးရန်နှင့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပီပြင်မှုရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းများတွင် ရှိပြီးစက်ပစ္စည်း၊ ဝန်ထမ်းအင်အားဖြင့် ဌာနအလိုက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မလိုအပ်ဘဲ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရန်လိုအပ်ကြောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းလုပ်ဆောင်သည့်ဌာန လုပ်ငန်းတာဝန်အလိုက် မှန်ကန်စွာလုပ်ဆောင်ရန်လိုကြောင်း၊ လုပ်ခလစာ တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးမတိုးတက်ဘဲ ဆောင်ရွက်ပေး၍ မရပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သည့်ဝင်ငွေများ အပြည့်အဝရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

လျှပ်စစ်မီး သုံးစွဲမှုနှင့်စပ်လျဉ်း၍ အမှန်တကယ်လိုအပ်သလောက်သာ သုံးစွဲကြရန်နှင့် ရုံး၊ ဌာန၊ ဆေးရုံ၊ ကျောင်းများတွင် သဘာဝအလင်းရောင်ရရှိစေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်းပြီး မြို့ရွာ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဖိဖိစီးစီးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧက အမှန်ရရှိရေး စီမံဆောင်ရွက်ကြရန်လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်စိစစ်သွားရန်လိုအပ်ကြောင်း။

ဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ **မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဝါးအလုံးရေ ၂၆၅ သန်းခန့်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့သည် ဝါးအများဆုံးထုတ်လုပ်နိုင်သည့် ဒေသများဖြစ်**ကြောင်း၊ **တစ်နိုင်ငံလုံးက ထွက်ရှိသည့်ဝါးများကို ပျော့ဖတ်အဖြစ် ထုတ်လုပ်မည်ဆိုပါက ပျော့ဖတ်တန်ချိန် လေးသန်းခန့်ရရှိနိုင်မည်ဖြစ်**ကြောင်း၊ **ယင်းပျော့ဖတ်များဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့်စက္ကူကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ပျော့ဖတ်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်**ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအတွင်းတည်ဆောက်ထားရှိသည့် စက္ကူစက်ရုံများ လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းတွက်ချက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

**ပြည်ပပို့ကုန် ဆန်အထွက်နှုန်းကောင်းမွန်တိုးတက်ရေးရန်**အတွက် **အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့များကို သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သီးထပ်စိုက်ပျိုးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန်လိုအပ်**ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ လိုအပ်ချက်များကိုသိရှိအောင်ကြိုးစားပြီး နိုင်ငံခြားဈေးကွက်ရရှိအောင်ဖော်ဆောင်၍ နိုင်ငံ၏ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန် MSME လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်မည် . . .**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၁**

တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းများကိုဖွင့်လှစ်ဆောင်ရွက် ပေးလျက်ရှိပါကြောင်းဖြင့် ယမန်နေ့နံနက် ၈နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် အသုံးချကွန်ပျူတာအဆင့်မြင့်သင်တန်းဖွင့်ပွဲ၊ ရေခဲမုန့်၊ အဖျော်ယမကာနှင့် အအေးမျိုးစုံထုတ်လုပ်မှုသင်တန်းဖွင့်ပွဲနှင့် အသုံးချကွန်ပျူတာဆရာဖြစ်သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အသုံးချကွန်ပျူတာ ဆရာဖြစ်သင်တန်း (၁/၂၀၂၂)တွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကွန်ပျူတာသင်တန်းပို့ချနေမှုကိုကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၁၂၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၄၂၃၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၅၃၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလျှဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက်အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တာဝန်ရှိသူများက ဒေသခံပြည်သူများ လက်ဝယ်အရောက် Mask များကို အခမဲ့ပေးဝေလှူဒါန်းစဉ်။**

## နိုဝင်ဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁**

အောက်တိုဘာ ၃၁ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၉၇၅၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၁၇၉၇ ဦး |
| သေဆုံးသူ | ၁၉၄၈၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၅၈၇၃ ဦး |

**☆ ကျောဖုံးမှအဆက်**

သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ခြောက်ဘာသာ စုစုပေါင်းရမှတ် ၄၂၀ နှင့် အထက်ရရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်လွှာများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page၊ Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www. hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဲဘောင်-ရသဝေါ်-လှာကမြင်-သာနုံး-ကော့ထော် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



**ဘားအံ နိုဝင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု မဲဘောင်-ရသဝေါ်-လှာကမြင်-သာနုံး-ကော့ထော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမှုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအခြေခံအဆောက်အအုံများဖြစ်သော ကျေးလက်လမ်း၊တံတားလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်နေပြည်သူများအနေဖြင့် လမ်း၊ တံတားများရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များကို အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ပြီး ကျေးလက်ထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိစေကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက မဲဘောင်-ရသဝေါ်- လှာကမြင်- သာနုံး- ကော့ထော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကိုကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် မဲဘောင်-ရသဝေါ်-လှာကမြင်-သာနုံး-ကော့ထော် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဇာတိရွှေမြေကုမ္ပဏီ၊ ရှားမူလာကုမ္ပဏီ၊ Gold Qc ကုမ္ပဏီနှင့် ရွှေရောင်လွင်ပြင်ကုမ္ပဏီတို့က ၁၄ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်း ၁ ဒသမ ၅ ဖာလုံနှင့်၁၀ ပေ တံတားတစ်စင်းတို့ကို ရန်ပုံငွေကျပ် ၇၃၇ ဒသမ ၉၉၉ သန်းဖြင့် အပိုင်း လေးပိုင်းခွဲ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၁၉၂ လုံးနှင့် လူဦးရေ ၁၁၄၈၆ ဦးတို့ကို အကျိုးပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြေ၊ အဆောက်အအုံအတိုင်းအတာစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ မြေ၊ အဆောက်အအုံအတိုင်းအတာစိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ မြေ၊ အဆောက်အအုံအတိုင်းအတာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေက ကော်မတီသည် မြေနှင့် အဆောက်အအုံတိုင်းတာစစ်ဆေးရေးနှင့်ပတ်သက်၍ လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသဖြင့် မြေ၊ အဆောက်အအုံတိုင်းတာစိစစ်ရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့်ပြည်နယ် မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဌာနဆိုင်ရာများပါဝင်သော မြေ၊ အဆောက်အအုံတိုင်းတာစိစစ်ရေးကော်မတီခွဲတွင် အဖွဲ့ခေါင်းဆောင်များအနေဖြင့် တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီခွဲများသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို မြေပြင်လက်တွေ့ကွင်းဆင်းတိုင်းတာစိစစ်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က သတ်မှတ်ပေးထားသည့် ပုံစံ ၁၅ ချက်နှင့်အညီ ပြန်လည်တင်ပြရမည်ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်နှင့်သင့်လျော်သည့်ဌာနများထည့်သွင်းပြီး လုပ်ငန်းများ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရေး ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းရန်လိုကြောင်း၊ကော်မတီခွဲများအနေဖြင့် မြေပြင်တွင်တိုင်းတာစိစစ်ရမည့်လုပ်ငန်းအမျိုးအစား သုံးမျိုးရှိကြောင်း၊ ကော်မတီခွဲများမြေပြင်ကွင်းဆင်း၍ တွေ့ရှိသည့်အချက်များသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပေးပို့သည့်အချက်အလက်များနှင့် ကွဲလွဲမှု ရှိ၊ မရှိ တိုင်းတာစိစစ်ပြီး သတ်မှတ်ပုံစံများနှင့် ပြည့်စုံစွာရေးသားပေးပို့ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက်ကော်မတီအတွင်းရေးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက ကော်မတီလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးထွန်းအုံ သစ်အခြေခံအချောထည်စက်ရုံသို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန်ရှိ National Wood Industry လီမိတက်၏သစ်အခြေခံအချောထည်စက်ရုံသို့သွားရောက်၍ စက်ရုံအတွင်း ကျွန်းသစ်လုံးများ တင်ဒါစနစ်ဖြင့် ဝယ်ယူစုဆောင်းထားရှိမှု၊ ခေတ်မီစက်များအသုံးပြု၍ အဆင့်ဆင့်ခွဲစိတ်ဖြတ်တောက်မှု၊ အရွယ်အစားအမျိုးအစားအလိုက် အချောထည်ထုတ်လုပ်မှု၊ ဘေးထွက်ပစ္စည်းများကို စွန့်ပစ်မှုမရှိရအောင် အဆင့်မြင့်နည်းပညာနှင့် ခေတ်မီစက်ကိရိယာအသုံးပြု၍ ပြည်ပပို့သစ်အချောထည်များအဖြစ် ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် စက်ရုံရှင်းလင်းဆောင်တွင် အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်ဝင်းက National Wood Industry လီမိတက်အနေဖြင့် သဘော်ကိုယ်ထည်နှင့်ကြမ်းခင်းတွင် အသုံးပြုသည့် သစ်အချောထည် (Decking) အပါအဝင်သစ်အချောထည်ပစ္စည်းများကို ထုတ်လုပ်တင်ပို့လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သစ်အချောထည် ၈၄၆ ဒသမ ၂၇ ကုဗတန်၊ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်၌ သစ်အချောထည် ၈၃၃ ဒသမ ၃၈ ကုဗတန်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၈၁၆ ဒသမ ၅၇ ကုဗတန်ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယခုလည်းဆက်လက်တင်ပို့လျက်ရှိကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုအဆင့်ဆင့်မှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကိုလည်း အဆင့်မြင့်နည်းပညာအသုံးပြု၍ သစ်အခြေခံအချောထည်များအဖြစ် ထုတ်လုပ်လျက်ရှိကြောင်းနှင့် သစ်အခြေခံအချောထည်ပစ္စည်းများကို ပြည်ပသာမက ပြည်တွင်း လိုအပ်ချက်များအတွက်ပါ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေးနှင့် အရည်အသွေးမြင့် မြန်မာ့ကျွန်းသစ်အခြေခံအချောထည်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။ MSME လုပ်ငန်းတစ်ခုဖြစ်သည့် National Wood Industry လီမိတက်သည် မြန်မာ့ကျွန်းသစ်အခြေခံအချောထည်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်များသို့ပိုမိုတင်ပို့နိုင်ရေး MSME ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့်လေရှီးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို အမည်လေးမျိုးနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် လေရှီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၇၇ ကျောင်းမှ သံဃာတော် ၂၁၆ ပါး၊ သာမဏေအပါး ၈၀ နှင့် သာသနာ့နွယ်ဝင်သီလရှင် ၄၁ ပါးတို့ကို အမည်လေးမျိုးနှင့် နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းခြင်းကို ခန္တီးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ ပြုလုပ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်၍ အမည်လေးမျိုးနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အောက်တိုဘာ ၃၁ ရက်နှင့် ယနေ့တို့တွင် မွန်ပြည်နယ် သထုံမြို့ရှိ မင်္ဂလာအေးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊လှည်းကူးမြို့နယ် ဇရပ်ကျေးရွာရှိ စမ်းရေဖျားတောရတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် သာသနာ့နွယ်ဝင် သီလရှင်ကျောင်းသုံးကျောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်တွင်းကြီးတပ်နယ်မှ တာဝန်ရှိသူများက အမည်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများအသီးသီးသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

---

■ **မိုးပေါ်ခံပြကွက်မှ**

စီမံကိန်းဆိုင်ရာ အချက်အလက်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)သို့ရောက်ရှိကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သူက နှစ်ပေါင်း ၂၀ ကျော်အတွင်း ဒီပလိုမာလက်မှတ်ရ ၁၈၀၁ ဦး၊ ဘွဲ့ရ ၃၁၅၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပြောင်းလဲလာသည့်ပညာရေးစနစ်အရ Outcome Based Education ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၂-၂၀၂၃ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်တင်ပြထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့်သင်ကြားနိုင်ရန် တက္ကသိုလ်များအင်္ဂါရပ်နှင့်အညီ ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ဘတ်ဂျက်ငွေများအား အလေအလွင့်မရှိ ထိရောက်မှန်ကန်စွာ သုံးစွဲရေးပြုပြင်ထိန်းသိမ်းရေးများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စုရှိ ၂၀၂၂-၂၀၂၃ မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေး စံပြကွက် ၇၅ ဧက စိုက်ခင်းသို့ရောက်ရှိ၍ စိုက်ပျိုးထားမှုများကိုကြည့်ရှုကာ တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများနှင့် တောင်သူများ၏တင်ပြဆွေးနွေးလာသည့် အခက်အခဲများအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်နိုင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမျိုးဇော်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

---

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ယ)တွင် အောက်ဖော်ပြပါအတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ယ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်အထိ ပုံစံ၆၆/၆(အထစ)အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကိုစာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက် ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပ



ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Action Plan ၁၁ ချက်အပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် အချက်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက Action Plan အချက် ၁၁ ချက် အနက် ယခုလအတွင်း အပြီးသတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက် လေးချက်ဖြစ်သည့် အဓိကနယ်ပယ်များရှိ ငွေကြေးခဝါချမှုအန္တရာယ်များကို နားလည်သိရှိမှု တိုးတက်ကောင်းမွန်စေရန်၊ ကျောက်မျက်၊ ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့အား ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြု ကွင်းဆင်းရုံးထိုင် စစ်ဆေးမှုများ ဦးစားပေးဆောင်ရွက်ရန်၊ အသိပညာဖြန့်ဝေခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်းအပါအဝင် ဟွန်ဒီလုပ်ငန်းများနှင့် ဆက်စပ်သည့်စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်မှုပြုလုပ်ရန်၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှု အပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထား အရေးယူမှုဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ သတင်းပို့အဖွဲ့အစည်းများ အား အသိပညာပေးသည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ၎င်းတို့ကို ကြီးကြပ်ဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်ရန် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်ထောင်စုတာရာစီရင်ရေးကြီးကြပ်မှုရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ ကျောက်စိမ်းအချောထည်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ







**နေပြည်တော် နိုဝင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်ခုအတွင်းတွင် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Aluminium Materials အပါအဝင် ပစ္စည်းခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့အထွက် ၅ မိုင် စီအင်လုံခြုံရေးဂိတ်တွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် အရွယ်စုံလက်ကောက်ကွင်းများနှင့် ပုတီးစေ့များ ၃၉၇ ဒသမ ၃ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၅၆၈၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၆၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၇၆၃၃တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၄၃၁ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်ဝန်စည်များကို ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၇၂၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာအိတ် ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီး ပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Spray Paint ဗူး ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng အမျိုးအစား Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၃၁၃၀ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၇၁၁၆ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၈ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၉၂၄၇ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# CCRIF က ရေဘေးအန္တရာယ်သင့်ဒေသများအတွက် ထရီနီဒတ်အစိုးရကို ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၄ သန်းပေးအပ်



**ပို့အော့ဖ်စပိန် နိုဝင်ဘာ ၁**

ကေးမန်းကျွန်း အခြေစိုက် ကာရစ်ဘီယန် သဘာဝဘေး အန္တရာယ်ဆိုင်ရာအာမခံအဖွဲ့အစည်း (CCRIF) က ထရီနီဒတ်နိုင်ငံတွင် ယခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော ဒေသများအတွက် ပံ့ပိုးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၄ သန်းပေးအပ်ခဲ့ခြင်းကို ထရီနီဒတ်အစိုးရအဖွဲ့က အတည်ပြုခဲ့ကြောင်း Nation News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထရီနီဒတ်နိုင်ငံတွင် အောက်တိုဘာ ၅ ရက်မှ ၈ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ပြီး မိုးရွာသွန်းမှုကြောင့် ထရီနီဒတ်နိုင်ငံအရှေ့ဘက်ပိုင်းတွင် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသများမှာ အာရီကာဒေသ၊ အရီမာဒေသ၊ တူနာပူနာဒေသ၊ ဆန်ဂရီဂရန်ဒေသ၊ ပီယာကိုဒေသနှင့် စိန့်ဟယ်လင်နာဒေသတို့ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် CCRIF အဖွဲ့အစည်းက ထရီနီဒတ်အစိုးရထံ ပံ့ပိုးငွေ တိုက်ရိုက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထရီနီဒတ်ရေကြီးရေလျှံမှုတွင် အသက် ၄၁ နှစ်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး မတော်တဆမှုဖြစ်စဉ် ၇၅ ခုထိဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးခဲ့သောအမျိုးသမီးအတွက် မိသားစုဝင်များထံ ပံ့ပိုးငွေပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် သောက်သုံးရေဖြန့်ဝေမှုစနစ်များလည်း ပျက်စီးခဲ့သည့်အတွက် CCRIF က ပံ့ပိုးပေးအပ်လာသော ပံ့ပိုးငွေကြေးတချို့ကိုအသုံးပြုကာ သောက်သုံးရေဖြန့်ဝေမှုစနစ်များကို ပြန်လည်မွမ်းမံပေးမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

# မစ္စစ္စပီနှင့် အလာဘားမားပင်လယ်ကွေ့တွင် လေဆင်နှာမောင်းငါးကြိမ်ထက်မနည်း တိုက်ခတ်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံ မစ္စစ္စပီပင်လယ်ကွေ့နှင့် အလာဘားမားပင်လယ်ကွေ့တို့တွင် အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အတွင်း လေဆင်နှာမောင်း ငါးကြိမ်ထက်မနည်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း Stripes သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းများကြောင့် နေအိမ်နှင့်အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့သော်လည်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း၊ အမျိုးသားမိုးလေဝသစင်တာ၏ ထုတ်ပြန်ချက်အရ လေဆင်နှာမောင်း အန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော ဧရိယာမှာ မစ္စစ္စပီပြည်နယ် ဂျက်ဆင်ကောင်တီဖြစ်ပြီး တစ်နာရီလျှင်မိုင် ၁၀၀ မှ မိုင် ၁၁၀ ထိ တိုက်ခတ်ခဲ့ကြောင်း၊ အလာဘားမားပင်လယ်ကွေ့တွင်လည်း လေဆင်နှာမောင်းနှစ်ကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အလာဘားမားတွင် ဝင်ရောက်ခဲ့သည့် လေဆင်နှာမောင်းပြင်းအားမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့်သာရှိပြီး မစ္စစ္စပီသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများထက် အားပျော့ခဲ့ကြောင်း၊ မစ္စစ္စပီပင်လယ်ကွေ့နှင့် အလာဘားမားပင်လယ်ကွေ့မှ လေဆင်နှာမောင်းဒဏ်သင့်ဒေသများတွင် သစ်ပင်ကြီးများလဲကျကာ လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



"မစ္စစ္စပီပင်လယ်ကွေ့နဲ့ အလာဘားမား ပင်လယ်ကွေ့တို့မှာ အောက်တိုဘာ ၃၀ ရက်ကနေ ၃၁ ရက်အတွင်း အားကောင်းတဲ့ လေဆင်နှာမောင်း ငါးကြိမ်ထက်မနည်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုများပေမဲ့ ထိခိုက်ဒဏ်ရာရရှိသူနဲ့ သေဆုံးသူတွေမရှိခဲ့ဘူးလို့ သိရတယ်။ လက်ရှိ လေဆင်နှာမောင်း အခြေအနေကတော့ တည်ငြိမ်သွားပါပြီ"ဟု အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# လီဆာအပူပိုင်းမုန်တိုင်း ဘေလိဇ်ကမ်းခြေနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကတိုက် အလယ်ပိုင်း ဘေလိဇ်ကမ်းခြေနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့တွင် လာမည့်ရက်ပိုင်းအတွင်း လီဆာဟုအမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်အခြေစိုက် အမျိုးသားဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း EBT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လီဆာမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအသွင်ဖြင့် ဝင်ရောက်တိုက်ခတ်မည်ဖြစ်သော်လည်း ပြင်းအားမှာ ဟာရီကိန်းမုန်တိုင်းနီးပါးရှိနိုင်ပြီး ဘေလိဇ်ကမ်းခြေနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့တွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လီဆာမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ အစပျိုးလာသည့်မုန်တိုင်းဖြစ်ပြီး ယခုနှစ် အတ္တလန္တိတ်သမုဒ္ဒရာပိုင်း ဟာရီကိန်းမုန်တိုင်းရာသီအတွက် ၁၂ ကြိမ်မြောက်ဖြစ်ပေါ်လာမည့်မုန်တိုင်းဖြစ်ကြောင်း၊ လီဆာမုန်တိုင်းသည် ဘေလိဇ်ကမ်းခြေနှင့် ဟွန်ဒူးရပ်စ်နိုင်ငံသို့ ဝင်ရောက်ပြီးနောက် အနောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်ကာ ကာရစ်ဘီယန်ပင်လယ်ဘက်ခြမ်းသို့ ရွေ့ပြောင်းတိုက်ခတ်ဖွယ်ရှိနေကြောင်း၊ လီဆာမုန်တိုင်းသည် ဟွန်ဒူးရပ်စ်နိုင်ငံမြောက်ဘက်ပိုင်း ကမ်းခြေများသို့ ဇဟိုပြုတိုက်ခတ်ဖွယ်ရှိပြီး ၎င်းနေရာများမှာ မုန်တိုင်းအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာများဖြစ်ကြောင်း သိရသည်။

"လာမဲ့ရက်ပိုင်းအတွင်း ဘေလိဇ်ကမ်းခြေနဲ့ ဟွန်ဒူးရပ်စ်မြောက်ဘက်ပိုင်းကမ်းခြေတွေမှာ လီဆာလို့ အမည်ပေးထားတဲ့ အပူပိုင်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေပါတယ်။ အပူပိုင်းမုန်တိုင်းဆိုပေမဲ့ ပြင်းအားက ဟာရီကိန်းမုန်တိုင်းအသွင်ဆောင်ပါတယ်။ အတ္တလန္တိတ်ပိုင်းဇုန်ကနေ အစပျိုးလာတဲ့ မုန်တိုင်းဖြစ်ပြီး အတ္တလန္တိတ်ပိုင်းဇုန်ရဲ့မုန်တိုင်းရာသီအတွက် ၁၂ ကြိမ်မြောက်ဖြစ်ပေါ်လာတဲ့ မုန်တိုင်းလဲဖြစ်ပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ အဓိကရင်ဆိုင်ရဖွယ်ရှိနေတဲ့ ဘေလိဇ်ကမ်းခြေမှာ လှိုင်းလုံးတွေဟာ သုံးပေကနေ ငါးပေလောက်ထိမြင့်တက်လာနိုင်တယ်။ ဟွန်ဒူးရပ်စ်မြောက်ဘက်ပိုင်းကမ်းခြေမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမေရိကန်အခြေစိုက် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# အမေဇုန်မိုးသစ်တောများကိုကာကွယ်ရန် ဘရာဇီးကို နော်ဝေက အကူအညီများ ပြန်လည်စတင်မည်

**အော့စ်လို နိုဝင်ဘာ ၁**

ဘရာဇီးသမ္မတ ရွေးကောက်ပွဲတွင် လူလာဒါဆေးလ်ဗားအနိုင်ရခဲ့ပြီးနောက် အမေဇုန်မိုးသစ်တောများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဘရာဇီးနိုင်ငံကို ရန်ပုံငွေ ပြန်လည် စတင်ပေးအပ်မည်ဖြစ်သည်ဟု နော်ဝေနိုင်ငံက အောက်တိုဘာ ၃၁ ရက်က ပြောကြားခဲ့ကြောင်း AFP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ယခင်သမ္မတဟောင်း ဘော့ဆိုနာရိုလက်ထက် ၂၀၁၉ ခုနှစ်မှ စတင်၍ရပ်ဆိုင်းခဲ့သော ဘရာဇီးမိုးသစ်တောများကို ကာကွယ်ရန်အတွက် ရန်ပုံငွေပံ့ပိုးမှုကို ယခုသမ္မတအသစ် လူလာဒါဆေးလ်ဗားလက်ထက်တွင် ပြန်လည်စတင်မည်ဟု နော်ဝေနိုင်ငံက ကြေညာခဲ့ခြင်းဖြစ်သည်။

နော်ဝေနိုင်ငံသည် ယခင်က ဘရာဇီးမိုးသစ်တောများ ကာကွယ်ရေးအတွက် အကြီးမားဆုံး အလှူရှင်ဖြစ်ခဲ့သော်လည်း သမ္မတဘော့ဆိုနာရို အာဏာရပြီးနောက် ၂၀၁၉ ခုနှစ်တွင် ဂျာမနီနိုင်ငံကဲ့သို့ ၎င်းအကူအညီကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

"သမ္မတဘော့ဆိုနာရိုလက်ထက်မှာ အမေဇုန်သစ်တောပြုန်းတီးမှုဟာ ၇၀ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး ကျွန်တော်တို့နဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရပါတယ်"ဟု နော်ဝေသဘာဝပတ်ဝန်းကျင်ဝန်ကြီး အက်စပန်ဘာသ်အီဒီက ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံအနေဖြင့် ဘရာဇီးမိုးသစ်တောများကို ကာကွယ်နိုင်ရေးရန်ပုံငွေပံ့ပိုးရန်အတွက် ခရိုနာငါးဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၄၈၃ သန်း)ထုတ်ပေးရန် အဆင်သင့်ပြင်ဆင်ထားကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော သမ္မတလူလာဒါဆေးလ်ဗား လက်ထက်တွင် ဘရာဇီးနှင့် နော်ဝေနိုင်ငံတို့ကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး လက်ယာစွန်းဝါဒီ သမ္မတဘော့ဆိုနာရိုလက်ထက်တွင် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZH

## လျှောက်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟာလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

ပေါက်ပေါက်

# သင့်ကလေးအရပ်ရှည်စေလိုလျှင်

အဘိုး၊ အဘွားများခေတ်က "ပုမှနေတယ်"ဟု လက်ခံထားကြသော်လည်း ၂၁ ရာစုမှစ၍ သိသိသာသာ အတွေးအမြင်ပြောင်းလဲလာကြပြီး ကမ္ဘာတစ်ဝန်း အရပ်ရှည်ခြင်းကို နှစ်ခြိုက်လာကြသည်။ ပျမ်းမျှအားဖြင့် မိန်းကလေးများမှာ အသက် ၁၉ နှစ်ခန့်ထိ အရပ်ရှည်ထွက်နိုင်ပြီး ယောကျ်ားလေးများက အသက် ၂၀ ခန့်ထိ အရပ်ရှည်ထွက်နိုင်သည်။ ထိုကာလကို ကျော်လွန်သွားပါက အရပ်ရှည်ထွက်နှုန်းလည်း သူ့အလိုလို ရပ်တန့်သွားသည်။

**မြန်မာနိုင်ငံနှင့် အရပ်ပုနှုန်း**

လူသားတို့ နေ့စဉ်စားသုံးလိုက်သော အစာအာဟာရပေါ် မူတည်၍ အရပ်ရှည်ခြင်းကလည်း တိုက်ရိုက်ပတ်သက်နေသည်။ လူမှုဘဝ နေထိုင်စားသောက်မှုစနစ်များ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ယခုနောက်ပိုင်း မြန်မာနိုင်ငံ၏ မျိုးဆက်သစ်လူငယ် တော်တော်များများ အရပ်ရှည်လာကြသည်။ အာဟာရချို့တဲ့မှုကြောင့် အရပ်ပုနှုန်းမှာ ကျန်ဒေသများနှင့် နှိုင်းယှဉ်ပါက ချင်းပြည်နယ်တွင် အမြင့်မားဆုံးဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် အရပ်ပုသောကလေးများ ၅၈ ရာခိုင်နှုန်းရှိနေပြီး အခြားတောင်ပေါ်ဒေသများဖြစ်ကြသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အရပ်ပုနှုန်းမှာ ၃၈ ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်း၊ အာဟာရချို့တဲ့မှုကြောင့်ဖြစ်ပေါ်စေသောအကြောင်းရင်းတစ်ခုဖြစ်သည့် အရပ်ပုခြင်းကို တောင်ပေါ်ဒေသများတွင်အများဆုံးတွေ့ရပြီး မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော အပူပိုင်းဒေသများတွင်မှ အနည်းဆုံးတွေ့ရကြောင်း၊ ဗမာများထက် အခြားတိုင်းရင်းသားများတွင် အရပ်ပုခြင်းဖြစ်စဉ် နှစ်ဆမျှပိုကြောင်း၊ အဆင်းရဲဆုံးကလေးများက အချမ်းသာဆုံးကလေးများထက် နှစ်ဆပို၍ ပုကြကြောင်း၊ လေ့လာတွေ့ရှိချက်အရ အသက်ခြောက်လ မှ ၂၃ လအတွင်း ကျွေးမွေးစောင့်ရှောက်ခြင်းခံရသော အစားအစာနည်းပါးခြင်းတို့ကြောင့် အရပ်ပုနှုန်းမြင့်မားရခြင်းဖြစ်ကြောင်း စသည်ဖြင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (Save The Children) ၏ LEARN စီမံချက်မှ အာဟာရနှင့်ပြည်သူ့ကျန်းမာရေးမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။

မှန်ပေသည်။ မိမိတို့နိုင်ငံ၌ ပုညက်နေသည့် ကလေး ၂၇ ဒသမ ၇ ရာခိုင်နှုန်းရှိနေပြီး ကျောင်းနေအရွယ်ကလေးများ၏ သုံးပုံနှစ်ပုံသည် သွေးအားနည်းနေကာ ၎င်းအနက် ၄၅ ရာခိုင်နှုန်းသည် မိန်းကလေးများဖြစ်ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။ အဆိုပါကိန်းဂဏန်းများက အာဟာရဖွံ့ဖြိုးရေး မြှင့်တင်မှုနှင့် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း ပြဆိုနေခြင်းပင်ဖြစ်သည်။

**အရပ်ရှည်ခြင်းအပေါ် သက်ရောက်စေသော အချက်အလက်များ**

ကလေးမကြီးထွားခြင်းအကြောင်းရင်းများအနက် အဖြစ်များဆုံးက ကယ်လိုရီမလုံလောက်ခြင်းကြောင့်ဖြစ်ပါသည်။ အစားနည်းသော သို့မဟုတ် အစားရွေးသောကလေးများတွင် ၎င်းပြဿနာမျိုး တွေ့ရတတ်သည်။ လသားအရွယ်ကလေးများတွင် မိခင်နို့မဝခြင်း၊ နို့မှုန့်ဖျော်စပ်မှု မမှန်ကန်ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သည်။ အခြားအကြောင်းရင်းများမှာ အာရုံကြောရောဂါ၊ ခံတွင်းရောဂါ၊ အူလမ်းကြောင်းရောဂါ၊ သိုင်းရွိုက်ရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါနှင့် မျိုးရိုးဗီဇဆိုင်ရာရောဂါ စသည်တို့ကြောင့် ကလေးကြီးထွားမှုကို အဟန့်အတားဖြစ်စေသည်။

ကလေးများအရပ်ရှည်ခြင်းအပေါ် သက်ရောက်စေသော အချက်အလက်အသေးစိတ်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိထားပါသည်။

**မျိုးရိုးဗီဇ**

အရပ်ရှည်ခြင်း၏ ၈၀ ရာခိုင်နှုန်းသည် မျိုးရိုးဗီဇအပေါ်မူတည်ပြီး ကျန် ၂၀ ရာခိုင်နှုန်းက အခြားအချက်အလက်များအပေါ် မူတည်သည်။

**အာဟာရ**

အစာအာဟာရ အလုံအလောက်မရရှိသည့် ကလေးငယ်များသည် အရပ်မထွက်ခြင်းဖြစ်နိုင်ပါသည်။ အသားဓာတ်ချို့တဲ့ခြင်း၊ ဗီတာမင်အေ၊ ဗီတာမင်ဒီနှင့် သတ္တုဓာတ်များ ချို့တဲ့ခြင်းတို့သည် အရပ်ပုခြင်း၏ အဓိကအကြောင်းရင်းများဖြစ်ကြသည်။

**အိပ်စက်ခြင်း**

အိပ်စက်ချိန်မှာ သဘာဝအလျောက်ထွက်ရှိလာကြသော ကြီးထွားမှုဟော်မုန်းနှင့် သိုင်းရွိုက်လှုံ့ဆော်ဟော်မုန်းတို့သည် အရိုးကြီးထွားမှုအတွက် လွန်စွာအရေးပါသည်။ ထို့ကြောင့် အိပ်ရေးဝဝအိပ်စက်ခြင်းသည် ကလေးများအရပ်ရှည်ရန်အတွက် အရေးကြီးသောအချက်တစ်ခုဖြစ်သည်။



**အချို့သောဆေးဝါးများ**

ဥပမာ-အာရုံကြောများတွင် အသုံးပြုသောဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် အရပ်ရှည်ခြင်းကို အဟန့်အတားဖြစ်စေသည်။

**အချို့သောရောဂါများ**

ဥပမာ- သိုင်းရွိုက်ရောဂါ၊ အရိုးနှင့် အရိုးဆက်အဆစ်အမျက်ရောဂါများကြောင့် အရပ်ရှည်ထွက်ခြင်းဆိုင်ရာ ဇီဝဖြစ်စဉ်ကို ကမောက်ကမဖြစ်စေနိုင်သည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကလေးများ၏အရပ်အမြင့်နှင့် မျိုးဗီဇအကြောင်းတရားများကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်း ငါးသန်းကျော်ပါဝင်သည့် လေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။ အဆိုပါလေ့လာချက်ရလဒ်များအရ မျိုးဗီဇပုံစံကွဲပေါင်း ၁၂၀၀၀ ကျော်တို့သည် ကလေးများ၏ အရပ်အနိမ့်အမြင့်အပေါ် ဩဇာသက်ရောက်မှုရှိနေကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။ မိမိတို့၏လေ့လာတွေ့ရှိချက်သည် လူတစ်ဦးနှင့်တစ်ဦးကြား အရပ်အနိမ့်အမြင့် ကွာခြားမှုများ၏ ၄၀ ရာခိုင်နှုန်းခန့်ကိုသာ နောက်ခံအကြောင်းတရားများ ရှင်းပြနိုင်ဖွယ်ရှိကြောင်း၊ လူအများကြား အရပ်အနိမ့်အမြင့် ကွာခြားချက်များ၏ ၈၀ ရာခိုင်နှုန်းကို မျိုးဗီဇအကြောင်းတရားများက လွှမ်းမိုးထားကြောင်း၊ မိမိတို့၏လေ့လာတွေ့ရှိချက်သည် ကလေးများ၏ အရပ်အမြင့်ပြဿနာကို ဖြေရှင်းရေး၊ မျိုးဗီဇအခြေခံမော်လီကျူးများမှတစ်ဆင့် အရပ်အမြင့်တို့ကို ခန့်မှန်းရေးတို့အတွက် အထောက်အကူပေးနိုင်ကြောင်း စသည်ဖြင့် ဩစတြေးလျသုတေသီများက ဆိုသည်။

**အချိုဓာတ်အလွန်အကျွံစားခြင်းက အရပ်ပုစေနိုင်**

လေ့လာကြည့်ရာ၌ သကြား(အချိုဓာတ်)လွန်စွာစားသောက်လေ့ရှိသောကလေးများသည် သကြားစားသုံးမှုနည်းသောကလေးများထက် ပို၍ အရပ်ပုလေ့ရှိသည်။ အချိုဓာတ်က ခန္ဓာကိုယ်ထဲတွင် အင်ဆူလင်ပမာဏကို မြင့်တက်စေပြီး ကောင်းစွာဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် သင့်ကလေးအရပ်ရှည်စေလိုပါလျှင် သကြား၊ သကြားလုံးနှင့် အချိုအရသာအစားအစာများကို အသင့်အတင့်သာကျွေးပါ။ ကလေးများအရပ်ရှည်စေရန်အတွက် အဓိကလိုအပ်ချက်မှာ အသားဓာတ်ဖြစ်သည်။ အကယ်၍ သင့်ကလေးတွင် အသားဓာတ်လုံလောက်စွာမရရှိပါက-

(က) ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည်ဖြင့် ဥအမျိုးမျိုးကျွေးပါ။ ၎င်းဥအမျိုးမျိုးတွင် အသားဓာတ်ပြည့်ဝစွာ ပါဝင်သည်။

(ခ) နွားနို့တိုက်ပါ။ နွားနို့တွင် အသားဓာတ်၊



ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီ ပြည့်ဝစွာပါဝင်သည်။

(ဂ) ဒိန်ချဉ်တိုက်ပါ။ ဒိန်ချဉ်တွင် ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီအပြင် အကျိုးပြု ဗက်တီးရီးယားများ ပါဝင်သည်။

(ဃ) ပဲနို့တိုက်ပါ။ နွားနို့နှင့် ဓာတ်မတည့်သောကလေးများ၊ နွားနို့မကြိုက်သောကလေးများအတွက် ပဲနို့က အထူးသင့်တော်သည်။

(င) သန့်ရှင်းလတ်ဆတ်သော သစ်သီးမျိုးစုံကျွေးပါ။ သစ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်တို့ ပြည့်ဝစွာပါဝင်သည်။

**အရပ်ရှည်ထွက်ရန် အကောင်းဆုံးနည်းလမ်းများ**

"အရပ်ပုတာရှက်စရာမဟုတ်ပါ"ဟု အကြံပြုချင်သည်။ "အရပ်ရှည်မှ ခေတ်မီတယ်"ဟု ယူဆကြသူများက အရပ်အမောင်းပိုရှည်ထွက်လာစေရန်အတွက် စက်ကိရိယာများဖြင့် ခန္ဓာကိုယ်အောက်ပိုင်းကိုဆွဲဆန့်ကြသည်။ အချို့သူများတွင် သုည ဒသမ ၉ လက်မခန့် ရှည်ထွက်လာကြသော်လည်း အချို့သူများမှာမူ နည်းလမ်းမမှန်ကန်ခြင်းကြောင့် အရိုးများနာကျင်ကာ အချည်းနှီးဖြစ်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့စက်ကိရိယာအကူအညီဖြင့် ဆွဲဆန့်ခြင်းက သက်ကြီးပိုင်းရောက်ချိန်တွင် အရိုးကို ကြီးစွာသောဒဏ်ဖြစ်စေနိုင်သည်။

အရပ်ရှည်ထွက်ရန် အကောင်းဆုံးနည်းများမှာ စက်ကိရိယာကိုမသုံးဘဲ သဘာဝကျကျလေ့ကျင့်ယူခြင်းနှင့် အာဟာရပြည့်အစားအစာမှီဝဲခြင်းတို့သာဖြစ်သည်။ သို့သော် ထိုနှစ်မျိုးစလုံးကို အသက်ခုနစ်နှစ်မှစ၍ အလေ့အကျင့်ပြုနိုင်မှသာလျှင် ကလေးများအရွယ်ရောက်လာချိန်တွင် အရပ်အမောင်းပိုမိုရှည်ထွက်လာနိုင်မည်ဖြစ်ပေသည်။ သို့ပါ၍ အမိအဖအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏သားငယ်၊ သမီးငယ်လေးများကို သူတို့အရွယ်ရောက်ချိန်တွင် ခေတ်နှင့်အညီ အရပ်ရှည်ရှည် စတိုင်လ်ကျစေရန်အတွက် အောက်ဖော်ပြပါ သဘာဝနည်းလမ်းအသွယ်သွယ်တို့ဖြင့် လမ်းကြောင်းပေးသင့်သည်။

အောက်ဖော်ပြပါ နည်းလမ်းများက သဘာဝကျကျ အရပ်ရှည်ထွက်လာစေရုံမျှမက သားငယ်၊ သမီးငယ်တို့အတွက် ဘဝတစ်သက်တာ ကျန်းမာရေးအတွက်ကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေနိုင်မည်။

**ကြိုးခုန်ပါ**

ကြိုးခုန်ခြင်းက သွေးလည်ပတ်မှုမြန်ဆန်တိုးပွားစေပြီး ခန္ဓာကိုယ် ကြွက်သားများလည်း ကြီးထွားသန်မာစေသဖြင့် အရပ်ရှည်ထွက်လာစေမည့် လေ့ကျင့်ခန်းကောင်းတစ်ခုဖြစ်သည်။

**နွားနို့သောက်ပါ**

ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သော ပရိုတင်း၊ ဗီတာမင်ဒီနှင့် ကယ်လ်စီယမ် စသည့်အာဟာရဓာတ်တို့စုဝေးရာ နွားနို့က အရပ်ရှည်လာအောင် ကောင်းစွာ ထောက်ပံ့ပေးနိုင်သည်။

**ကယ်လ်စီယမ်မှီဝဲပါ**

အထူးသဖြင့် သန္တာကျောက်ဖြင့် ဖော်စပ်ထားသော ကယ်လ်စီယမ်ဆေးပြားများက အရိုးကြီးထွားသန်မာလာစေသလို အရိုးသိပ်သည်းဆ အားကောင်းစေနိုင်သည်။

**ခြေထောက်လေ့ကျင့်ခန်းလုပ်ပါ**

ခြေထောက်ဖြင့် အားပြင်းစွာကန်သည့် လေ့ကျင့်ခန်းက ခြေထောက်အောက်ပိုင်း ကြီးထွားစေမည့် အကောင်းဆုံးလေ့ကျင့်ခန်းဖြစ်သည်။

**ပဲပုပ်စေ့စားပါ**

ပဲပုပ်စေ့ထဲတွင် ပရိုတင်းဓာတ်ကြွယ်ဝစွာပါရှိနေ၍ ကြွက်သားများကို ခွန်အားဖြစ်စေပြီး ကြီးထွားသန်မာလာစေသည်။

**ခန္ဓာကိုယ်ဆန့်ထုတ်ပါ**

ခြေဖျားထောက်ရပ်ပြီး လက်နှစ်ဖက်ကို အပေါ်သို့တည့်တည့်ဆန့်တန်းရင်း ကိုယ်ကိုအပေါ်ဘက်သို့ တတ်နိုင်သမျှ ဆွဲဆန့်ထုတ်ပါ။ များများလုပ်နိုင်လေ များများအကျိုးရှိလေဖြစ်သည်။

**အသားစားပါ**

ကြွက်သားများ ကြံ့ခိုင်လာစေရန်အတွက် ပရိုတင်းဓာတ်ကြွယ်ဝသော ကြက်သားနှင့် အမဲသားများ စားပေးပါ။

**ယောဂကျင့်ပါ**

မြွေဟောက်ပါးပျဉ်းထောင်သကဲ့သို့ ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်၍ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံးကို မတင်သော ယောဂကျင့်စဉ်က အပေါ်ပိုင်းကြွက်သားများကို ဆွဲဆန့်စေပြီး အရပ်ပိုရှည်ထွက်လာစေမည်။

**ကြက်ဥစားပါ**

ကြက်ဥထဲတွင် ကယ်လ်စီယမ်၊ ပရိုတင်းနှင့် ဗီတာမင်ဒီဓာတ်တို့ အမြောက်အမြားပါရှိခြင်းကြောင့် အရပ်ရှည်လာအောင် ကောင်းစွာအထောက်အပံ့ဖြစ်စေသည်။

**ဘားတန်းခိုပါ**

အထူးသဖြင့် ဆယ်ကျော်သက်အရွယ်တွင် မကြာခဏ ဘားတန်းခိုကြသူများသည် ကျောရိုးဆွဲဆန့်စေ၍ သိသိသာသာ အရပ်ပိုရှည်ထွက်လာနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ပညာရှင်များ၏လေ့လာတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကလေး ၄၅ သန်းကျော်သည် ပြင်းထန်သောအာဟာရချို့တဲ့မှုများရှိခဲ့ပြီး ကလေး ၁၄၉ သန်းသည် ပုညက်နေကြောင်း သိရသည်။ ထို့ကြောင့် ကလေးများ၏ အရပ်ရှည်ထွက်နှုန်းသည် ၎င်းတို့နေ့စဉ်စားသုံးလိုက်သော အစာအာဟာရပေါ်တွင်လည်း တိုက်ရိုက်ဆက်နွှယ်မှုရှိနေပါသဖြင့် အစာအာဟာရအစုံကို ကျန်းမာရေးနှင့်ညီညွတ်မျှတစွာ ကျွေးမွေးသင့်ပါကြောင်း။

0 w Mw d @

# သမီးလေးဆီက လာတဲ့စာ

ကြည်စင်(လားရှိုး)



(၁)

သမီးလေး ဆုပြည့်မွန်အတွက် ကျွန်မဒေါ်မြသူဇာက လမ်းပြကြယ်တစ်ပွင့်ပါ။ သမီးငယ်လေး အပျိုဖော်ဝင်လာပြီဆိုကတည်းက ကျွန်မမှာ သမီးလေးကို ထားစရာနေရာမရှိခဲ့။ ခေတ်စနစ်ပြောင်းလဲမှုတွေကြားမှာ လူဖြစ်လာရတဲ့ သမီးလေးကို ပြုပြင်ထိန်းသိမ်းရတဲ့နေရာမှာ ကျွန်မအတွက် တကယ်ကို အခက်အခဲနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်မတို့ငယ်ငယ်ကလို အိမ်ထဲက အိမ်ပြင်မထွက်ရဲ၊ လူကြောက်နေပြီး အရာရာသိမ်ငယ်နေတတ်တဲ့ ခေတ်မဟုတ်တော့တာ ကျွန်မအသိဆုံး။ ကျွန်မတို့ငယ်ငယ်ကဆို လူသိပ်ကြောက်ခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်ရှေ့ဖြတ်လျှောက်ရင် ခလုတ်တိုက်တဲ့ထိ အရှက်ကြီးခဲ့ကြတယ်။ သမီးလေးတို့ခေတ်ကတော့ ယောကျ်ားလေးတွေနဲ့ တန်းတူ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်အပြင် သိပ်ရဲတင်းတဲ့ကလေးတွေများ အရက်၊ ဘီယာဆိုင်တောင် ထိုင်ရဲကြတဲ့ခေတ်။ မုန့်ဖိုးပိုက်ဆံကို ငါးကျပ်တစ်ဆယ်သုံးခဲ့ရတဲ့ ကျွန်မနဲ့ ငါးရာ၊ တစ်ထောင်သုံးရတဲ့ ခေတ်ရောက်လာခဲ့တဲ့သမီး။

"သမီးလေးနေကောင်းရဲ့လား၊ ခါးကိုက်နေသေးတာလား။ မနေ့ကတည်းကပြောနေတယ် အချဉ်တွေ မစားနဲ့လို့ ပြောနေတာကို နားမှမထောင်တာဘဲ"

"ဟုတ် မေမေ အခုတော့ သက်သာနေပါပြီ"

သမီးလေးက ကျွန်မနဲ့မတူ။ မိန်းမသားသဘာဝ သွေးသားပေါ် တိုင်းကိုက်ခဲတဲ့ဝေဒနာကို အမြဲခံစားခဲ့ရတယ်။ အစ်ကိုနှစ်ယောက်အောက်မှာ သမီးမိန်းကလေးတစ်ယောက်တည်းပါလာတာမို့ ကျွန်မပိုပြီး ဂရုစိုက်ခဲ့ရတယ်။ အနေအထိုင်မတတ်ဖြစ်မှာ အမြဲစိတ်ပူခဲ့ရတယ်။

"ဟဲ့ သမီးလေး အဲဒီလိုမထိုင်ရဘူးလေ။ မိန်းကလေးဆိုတာ အနေအထိုင်တတ်ရတယ် သမီးရဲ့"

"မေမေကလဲ တအားချုပ်ချယ်တာပဲ။ ကျောင်းမှာ သူငယ်ချင်းတွေလဲ အဲဒီလိုနေတာပဲလေ။ သူတို့ အမေတွေက သူတို့ကို ဆူတယ်လို့ တစ်ခါမှ မကြားမိပါဘူး"

"ဒါကတော့သမီးရယ် စကားလမ်းမကြုံလို့နေမှာပေါ့။ သမီးတို့ခေတ်မှာ အရာရာတိုးတက်နေကြတယ်ဆိုပေမဲ့ ကိုယ်နေတဲ့နိုင်ငံ၊ ကိုယ့်လူမျိုးတွေရဲ့ ရိုးရာဓလေ့တွေတော့ မမေ့လိုက်သင့်ဘူး။ လူကြီးသူမတွေရှေ့ ဖြတ်လျှောက်တဲ့အခါ ခါးလေးကိုင်း ခေါင်းလေးငုံ့ပြီး သွားရတယ်။ ထမင်းစားတဲ့အခါ ကြီးသူကိုဦးချပြီးမှ စားရတယ်။ ပစ္စည်းတစ်ခုခုကမ်းပေးတဲ့အခါ လက်နှစ်ဖက်နဲ့ တရိုတသေပေးရတယ်ဆိုတာတွေက မေမေတို့ မြန်မာလူမျိုးတွေရဲ့ အခြေခံယဉ်ကျေးမှုတွေလေ။ အဲဒါတွေကိုတော့ မေ့ပျောက်ပစ်လို့မရဘူး"လို့ ဒီလို ကျွန်မပြောရင်-

"မေကြီးကလဲ ပြောလိုက်ရင် မေကြီးတို့ခေတ် ပြန်ရောက်ရောက်သွားတာပါပဲ။ မေကြီးတို့တုန်းကလို ရင်ဖုံးလေးနဲ့ချိတ်ထဘီဝတ်ပြီး နေတဲ့ခေတ်ကကုန်သွားပြီလေ။ မေကြီးပြောသလိုဆို ကိုယ့်နိုင်ငံတိုးတက်ဖို့၊ နိုင်ငံတကာထိုးဖောက်နိုင်ဖို့ မယ်ပြိုင်ပွဲတွေတောင် Two-Piece နဲ့ ပြိုင်နေကြတာလေ။ အဲဒါကို အမြင်အရ ရှက်စရာလို့တွေးနေရင် သူများနိုင်ငံတွေနဲ့ ခေတ်နောက်ကျခဲ့တော့မှာပေါ့"လို့ သမီးက ပြောတယ်။ ဒီတော့ ကျွန်မက-

"ဒါကတော့သမီးရယ် သူက နိုင်ငံ့ဂုဏ်ဆောင်ဖို့ သွားပြိုင်တာ။ ပြိုင်တဲ့အချိန်မှာပဲ ဒီအဝတ်အစားကို ဝတ်ခဲ့တာလေသမီးရဲ့။ အမြဲတမ်းပေါ် အောင်ဖော်နေတာမှမဟုတ်တာဘဲ။ သမီးလှချင်တာ မေမေလက်ခံတယ်။ သမီးကို ဘာဝတ်ဝတ်ခွင့်ပြုထားတယ်ဆိုပေမဲ့ အမြင်မတော်တဲ့ မပေါ်ပေါ်အောင်ဖော်တာတွေတော့ မေမေခွင့်မပြုဘူး။ အဲဒီလိုဝတ်လို့ ပိုလှသွားတယ်လို့ သမီးစိတ်ထဲထင်နေတာလား"

"မြန်မာဆန်ဆန်လေးလှဖို့ဆိုတာ သိပ်ခက်တယ် သမီးလေးရဲ့။ သမီးလေးက မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့ ကိုယ်ခန္ဓာအချိုးအစားလေးရှိနေတော့ မြန်မာဝတ်စုံလေးနဲ့ သိပ်ကျက်သရေရှိတယ် သမီးလေးရဲ့။ စကတ်တွေ၊ ဘောင်းဘီတွေ မဝတ်နဲ့လို့ မေမေ မပြောပါဘူး။ ဒါပေမဲ့ လုံခြုံတဲ့အဝတ်ဖြစ်ဖို့တော့ လိုတာပေါ့။ ပုရိသယောကျ်ားတွေဆိုတာ မြင်ပါများတော့ရိုးဆိုသလိုပေါ့။ မိန်းမတို့ရဲ့ မမြင်သင့်၊ မမြင်အပ်တဲ့အရာတွေကို ဖုံးအုပ်ထားကြရတယ်"လို့ ဒီလို ရှည်ရှည်ဝေးဝေး ပြောပြတော့ သမီးကငြိမ်သွားတယ်။

သမီးနဲ့ ကျွန်မအဝတ်အစားကိစ္စအမြဲစကားပြောခဲ့ရတယ်။ အခုခေတ် သမီးတို့မိန်းကလေးတွေဟာ ရှယ်တူမိန်းကလေးတွေဝတ်စားတာ၊ အွန်လိုင်းပေါ်က မြင်တွေ့နေရတာတွေကြည့်ပြီး အတုခိုးဝတ်ကြတယ်။ မိဘအိမ်က ထွက်သွားချိန်တော့ မိဘဆင်ပေးထားတဲ့ အဝတ်အစားဝတ်သွားပေမဲ့ အပြင်ရောက်သွားချိန်မှာတော့ သူတို့ကြိုက်နှစ်သက်ရာအဝတ်အစားတွေကို ဝတ်ပြီး သွားလာကြတော့တယ်။ ပတ်ဝန်းကျင်က လူတွေ ပြောလို့ကြမှသာ ကျွန်မတို့နားထဲ ပြန်ရောက်ကြတယ်။ ကျွန်မမှာ သမီးကို စောင့်ကြည့်ရတာအမောပင်။ လိမ္မာယဉ်ကျေးပြီး အမျိုးကောင်းသားသမီးလေးတွေဖြစ်ဖို့ ကျွန်မကြိုးပမ်းခဲ့တယ်။ ဘယ်လောက်မိဘက လမ်းပြပေမဲ့ မကောင်းတဲ့ဗီဇပါလာရင်လဲ ဖျောက်ဖျက်မရ။ သမီးက အလယ်တန်းကျောင်းသူဘဝရောက်လာခဲ့တော့ ပြောရဆိုရပိုပြီးခက်ခဲလာတော့တယ်။ သူများတွေနဲ့ ယှဉ်လာတဲ့အခါ ကိုယ့်သားသမီးလေးတွေ မျက်နှာမငယ်ရအောင် လူတမ်းစေ့ထားခဲ့တယ်။ ခေတ်နဲ့အညီ အသုံးပြုကြရတဲ့ ဖုန်းကိုပေးထားပြန်တော့လဲ စိတ်မချရ။ နည်းပညာတွေက ကျွန်မလိုက်မမီ။ ဖေ့စ်ဘွတ်အကောင့်ကိုသုံးဖို့ အစ်ကိုတွေကိုယ်တိုင်က ဖွင့်ထားပေးပြီး Password ကို သူတို့သိမ်းထားကြပေမဲ့ ကျွန်မသမီးလည်ပုံက Password ကို ပြန်ချိန်းတတ်တယ်။ ဖေ့စ်ဘွတ်ကို ထိန်းချုပ်ထားတော့ အင်စတာဂရမ်ကို ရောက်ပြန်တော့တယ်။ ကျွန်မမှာ သမီးကို မသက်ာဖြစ်ပြီဆို သားကြီးကို အသာလက်တို့ပြီး ဖုန်းကို ယူစစ်ခဲ့ရတယ်။ လက်တစ်ဝါးလောက်ရှိတဲ့ ဖုန်းလေးက ဘဝအတွက် ကောင်းကျိုးအများကြီးပေးနိုင်သလို ဆိုးကျိုးတွေလဲ မတန်တဆရနိုင်တယ်ဆိုတာ ကျွန်မ အသိဆုံးဖြစ်တယ်။

(၂)

အခုတော့ သမီးလေးက ရှစ်တန်းကျောင်းသူဖြစ်လာပြီမို့ ကျွန်မတို့ ပိုပြီး ဂရုစိုက်ရတော့တယ်။ ကျွန်မတို့ ငယ်စဉ်က စိတ်ကစားကြတယ်ဆိုပေမဲ့ သိပ်ပြီးထိန်းကျောင်းစရာမလိုကြပေ။ ရည်းစားတစ်ယောက်ရဖို့ လွယ်တာမှမဟုတ်။ စာအပေးအယူလုပ်ဖို့တောင် မလွယ်ခဲ့ကြ။ အခုခေတ်ကလေးတွေ ဖေ့စ်ဘွတ်သုံးရင်း နှစ်ရက်ဆို ရည်းစားရကြတယ်။ အပြင်မှာ တကူးတက သွားတွေ့စရာမလိုကြ။ မိဘတွေအလစ် ဗီဒီယိုကောလ်လေးခေါ်ပြီး ချိန်းတွေ့လို့ရတယ်။ ဒီထက်ဆိုးတာတွေ ရှိနေသေးတယ်။ သမီးရည်းစားတွေ အပြန်လှန်ခေါ်ကြတဲ့ နာမ်စားလေးတွေက ကိုကို၊ မောင်အပြင် သူတို့ ခေတ်မှ ကျားကျား၊ မိန်းမိန်းဆိုလို့ ကျွန်မ ကျောတွေတောင်ချမ်းခဲ့ရပါသေးတယ်။ သင်လွယ်တတ်လွယ်တဲ့ အရွယ်လေးတွေမို့ ဘာကိုမြင်မြင်လိုက်လုပ်ချင်ကြတယ်။ ဖြစ်လာမဲ့အကျိုးဆက်ကိုတည့်မတွေးကြတော့။ ချစ်သူဖြစ်ပြီးကြရင် အတူအိပ်ကြဖို့ထိ သတ္တိရှိနေကြတယ်။ မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့ဂုဏ်သိက္ခာ၊ မာနတို့ဆိုတာ အခုခေတ်ပြတိုက်မှာ လိုက်ရှာရတော့မလို ဖြစ်နေကြတော့တယ်။ တိုးတက်ပြောင်းလဲလာမှုတွေထဲမှာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တွေပါသွားတာတော့ ကျွန်မစိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့။ သမီးလေးကိုတော့ နားလည်အောင်ပြောပြရတယ်။ သွေးသားတောင့်တမှုတွေနောက် မလိုက်မိဖို့နဲ့ လူတွေလက်မခံနိုင်တဲ့ အကြောင်းအရာတွေကို ပွင့်ပွင့်လင်းလင်းပြောပြရတယ်။ သမီးနဲ့အတူ သားတွေကိုပါ လွှတ်ပေးမထားရဲ။ သားတွေကလဲ သူတစ်ပါးသားသမီးတွေနဲ့ပတ်သက်ကြတဲ့အခါ လက်မထပ်ရသေးခင် အတူနေတဲ့ထိမနေကြဖို့ကို အမေလုပ်သူက ပြောပြရတယ်။ အဖေတွေက စီးပွားရှာကြချိန် သားသမီးတွေနဲ့အလှမ်းဝေးကြလွန်းတယ်။ သားတွေဟာ အဖေတွေရဲ့ အုပ်ချုပ်ခွင့်ထဲမှာ ရှိနေရမယ်။ ယောကျ်ားလေးတွေရဲ့သဘောသဘာဝကို သူတို့ချင်းပိုသိမှာဆိုပေမဲ့ အနေနီးတဲ့ ကျွန်မကသာ ခေတ်နောက်ကို မျက်ခြည်အပြတ်မခံဘဲ သိမှတ်သလောက်လေး ကြိုးစားထိန်းသိမ်းယူရတယ်။ ကျွန်မ သမီးအတွက် အိမ်ထောင်ဖက်ကောင်းရချင်သလို သားလေးတွေရဲ့ဖူးစာရှင်ဖြစ်လာမဲ့ မိန်းကလေးအတွက် သူတို့ဟာ ခင်ပွန်းကောင်းဖြစ်စေချင်တယ်။ အသိုင်းအဝိုင်းတစ်ခုထဲရောက်သွားကြမဲ့ သားလေးတွေအတွက် အိမ်ထောင်ဖက်ကောင်းလေးတွေဖြစ်စေချင်တာ ကျွန်မဆန္ဒ။ အတတ်နိုင်ဆုံး ကျွန်မ သွန်သင်ပေးခဲ့တာ သူတို့လေးတွေ ကောင်းဖို့အတွက်ပဲလေ။

(၃)

ကျွန်မ သမီးအပေါ် အုပ်ထိန်းမှုညံ့ဖျင်းတဲ့ မိခင်တစ်ယောက်ဖြစ်မှာ သိပ်ကိုကြောက်မိခဲ့တယ်။ သမီးလေးက နည်းနည်းပျင်းတယ်။ အလှလဲမက်တယ်။ အရွယ်လေးရောက်လာတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျသွားမှာ စိတ်ပူမိခဲ့တယ်။ အိမ်အလုပ်တွေ ကျွန်မတစ်ယောက်တည်းနိုင်ပေမဲ့ အကြောင်းအမျိုးမျိုးပြကာ ဟင်းချက်ကူခိုင်းရတယ်။ ကျွန်မလက်ကိုက်နေတယ်၊ ခေါင်းမူးနေတယ်နဲ့ပြောပြီး ခိုင်းတော့ သူ မငြင်းတော့။ ဒီလိုနဲ့ သမီးလေး ဆယ်တန်းစာမေးပွဲအောင်မြင်ပြီး ပညာရေးကောလိပ်တက်ရောက်ခဲ့တယ်။ ကျွန်မကတော့ ပျော်မိတယ်။ ဆရာမဆိုတာ ကျင့်ဝတ်တွေ၊ သိက္ခာတွေ သူ့အလိုလို ထိန်းသိမ်းသွားတတ်ကြတာမဟုတ်လား။ ကျွန်မ အိမ်ထောင်ကျပြီးတဲ့နောက် အခုချိန်ထိ စိတ်ထဲ အကြီးအကျယ် နောင်တရခဲ့ချိန်ရှိခဲ့တယ်။ အဲဒါက ကျွန်မ စီးပွားမရှာတတ်ခြင်းပဲ။ အိမ်ထောင်သက် အနှစ်နှစ်ဆယ်ကျော်မှာ မိသားစုရဲ့အိမ်မှုကိစ္စတွေနဲ့သာ အချိန်ကုန်နေပြီး အသက်အရွယ်တစ်ခုရောက်လာချိန်မှ ဝင်ငွေမရှိရခြင်းကို တွေးမိပြီး တော်တော်ဂုဏ်ငယ်ခဲ့ရတယ်။ ဘွဲ့လေးတစ်ခုရပြီး အသုံးတည့်အောင်မသုံးခဲ့။ အမျိုးသားရှာဖွေပေးတဲ့ ငွေကြေးနဲ့ ရောင့်ရဲတင်းတိမ်နေနိုင်ခဲ့သမျှ ခေတ်စနစ်ပြောင်းလဲလာမှုကြားမှာ ကျွန်မက လူရာမဝင်သလို ခံစားလာခဲ့ရတယ်။ မိတ်ဆွေအပေါင်းအသင်းတွေဆုံကြတော့ အားလုံး အလုပ်ကိုယ်စီနဲ့ ကျွန်မမှာပြစရာအလုပ်မရှိခဲ့။ လူတမ်းစေ့နေရတယ်ဆိုပေမဲ့ အလုပ်ကိုယ်စီနဲ့ ထက်မြက်တက်ကြွနေကြတဲ့ သူငယ်ချင်းတွေမြင်တိုင်း ကျွန်မ စိတ်အားငယ်ခဲ့ရတာ ကျွန်မအသိဆုံး။ ဒါကြောင့် ကျွန်မ သမီးကို ချော့မော့ပြီး ပညာရေးကောလိပ်တက်ခွင့်ရဖို့ အားပေးတိုက်တွန်းခဲ့တယ်။ ဝင်ငွေမရှိတဲ့အခါ ကိုယ့်ကို သေလောက်အောင်ချစ်လို့ယူထားတဲ့ ယောကျ်ားကတောင် အဆင်မပြေဖြစ်လာတဲ့အခါ၊ ဘာမှအားကိုးမရ၊ သုံးစားမရတဲ့သူတစ်ယောက်လို ဆက်ဆံခံရတဲ့အခါ နာကျင်ရတဲ့ခံစားချက်က ဘာနဲ့မှ မတူခဲ့ပါဘူး။ ရွှေငွေ အပြည့်စုံပါပေမဲ့ သိမ်ငယ်နေခဲ့ရပါတယ်။ အဲဒီခံစားချက်တွေ သမီးကို မခံစားစေချင်လို့ ကျွန်မ သမီးလေးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်၊ ကိုယ့်ဝင်ငွေနဲ့ ကိုယ်အဆင်ပြေတဲ့သူတစ်ယောက်ဖြစ်အောင် တွန်းအားပေးမိခဲ့တယ်။ ကျွန်မဖြစ်ချင်တဲ့ဆန္ဒက သမီးဆီ အသေအချာရောက်ခဲ့လို့ ကျွန်မ ကြည်နူးဝမ်းသာရှိခဲ့ရတယ်။ ဘာကြောင့်လဲဆို သမီးလေးက လူကြုံနဲ့တစ်ဆင့်ပေးလာခဲ့တဲ့စာကြောင့် ကျွန်မ နှလုံးပီတိ ဂွမ်းဆီထိခဲ့ရတယ်။

စာမျက်နှာ ၂၇သို့ ➤

# အောက်တိုဘာလအတွင်း ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ဆန်နှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ ၈၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် နိုဝင်ဘာ ၁**

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ဆန်နှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ ၈၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ရှိ ဆန်နှင့်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအဖွဲ့ဝင် ဦးကျော်ဇင်ဦးက ပြောပြ၍ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်နှင့် ဆန်ကွဲအဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စက်တင်ဘာလအတွင်းက ဆန်နှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ ငါးသိန်းငါးသောင်းထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ဆန်တစ်တင်းခွဲအိတ်ရေ ခြောက်သိန်းနှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ နှစ်သိန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေဝတီတိုင်းဒေသကြီးကနေ ရန်ကုန်မြို့ကို ဆန်အိတ်နဲ့ ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ ကုန်းလမ်းကြောင်းကနေ အဓိက တင်ပို့ရောင်းချနေပါတယ်။ ဆန်အဖြစ် ကြိတ်ခွဲတင်ပို့ရောင်းချတာက ပိုအဆင်ပြေပါတယ်။ ရန်ကုန်ဈေးကွက်က သိသိသာသာကို အရောင်းအဝယ်သွက်နေတယ်။ ဒေသထွက်ဆန်နဲ့ စပါးတွေတင်ပို့နေရတော့ ကုန်တင်ကုန်ချလုပ်သားတွေနဲ့၊ ကုန်သည်တွေ၊ တောင်သူတွေ အဆင်ပြေလာတယ်"ဟု ဦးကျော်ဇင်ဦးက ပြောပြသည်။

ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်း၊ မနောသုခ၊ ထိုင်းဘောကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နှံကား၊ ရွှေသွယ်ရင်၊ ရောမင်း၊ ဆင်းသုခ စသည့်ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါဆန်အမျိုးအစားများသည် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ တောင်ပြန်တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ ထိုင်းဘောကျားတစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၊ နှံကားတစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀၊ ရွှေသွယ်ရင်တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၊ ရောမင်းတစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၊ ဆင်းသုခ တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အေးချမ်းပါစေ တို့ဌာနေ

\- ကပ်သုံးသွယ် ရှောင်ကာဝေးလို့
အေးချမ်းပါကြောင်း တောင်းဆုခြွေ၊
အမုန်းဖယ်ခွာ စေတနာရင်းနဲ့
ပေါင်းသင်းကြစေ၊
ပွင့်သောပန်းတိုင်း သင်းပျံ့ဝေ
တို့ဌာနေ ရန်စွယ်ကင်း၊
သွေးချင်းတွေ လက်ကိုတွဲမယ်
မြဲကြစေရင်း။

\- ကူညီပါ အချင်းချင်းတို့
ရိုင်းပင်းလို့ ရှေ့ဆက်မယ်၊
ဖေးမကာ အပြုသဘောနဲ့
လောကအလယ်၊
အမျိုးကောင်းကျိုး ထမ်းရွက်သယ်
ရပ်ရွာနယ် တစ်ပြည်လုံး၊
ငြိမ်းချမ်းစွာ ယှက်ဖြာကူးလို့
ပျော်မြူးမဆုံး။

\- မေတ္တာပန်းတွေ သီကာကုံး
အပြုံးပန်းတို့ ပွင့်ဝေဆာ၊
ကိုယ့်တာဝန် ကိုယ်ယူကြကာဖြင့်
အေးမြစေမှာ၊
လောကခရီး ဖြောင့်တန်းစွာ
စေတနာ ရင်ဝယ်ထား၊
ရန်ငြိုးတွေ ဖယ်ကာဖျောက်လို့
လျှောက်လှမ်းစို့လား။ ။

**ညီသုခ(အညာမြေ)**

# လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လင်းခေး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ရီရီလွင်နှင့် တာဝန်ရှိသူများက နမ့်တင်ကျေးရွာနှင့် ဟိုကွန်ကျေးရွာတို့၌ ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်း၊ တံတားများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။



လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၈၁ သန်းဖြင့် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် Pipe Culvert သုံးစင်း၊ ဟိုကွန်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၅၄ သန်းဖြင့် အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းနှင့် Pipe Culvert နှစ်စင်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# သရက်မြို့နယ် ဓာတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**သရက် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဓာတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ရာနှုန်းပြည့်ပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

သရက်ခရိုင် သရက်မြို့နယ် ဓာတ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည်ပေ ၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်ပေးမှု၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညီ**

➤ စာမျက်နှာ ၂၆မှအဆက်

သို့

ချစ်လှစွာသောမေမေ။ သမီး ရိုသေစွာ စာရေးလိုက်ရပါတယ်။ မေမေ ကျန်းမာပါစေလို့ အဝေးတစ်နေရာကနေ သမီး ဆုမွန်ကောင်းခြွေလိုက်ရပါတယ်။ မေမေ ပို့သနေတဲ့မေတ္တာတွေ သမီး ခံစားခဲ့ရလို့ နေကောင်းကျန်းမာလျက်ပါ မေမေ။ တော်ပါသေးရဲ့မေမေ။ ဘဝတစ်လျှောက် မေမေ့စကားတွေ ကုန်စုံအောင် နားမထောင်ခဲ့ရပေမဲ့ အခုချိန်မှာ လူသူတွေကြား သမီးမော်ကြွားလို့ နေနိုင်ပါပြီ။ မေမေ ချပေးခဲ့တဲ့လမ်းကို သမီးရွေးချယ်ခဲ့ရလို့ အခုချိန် သမီးဘဝရဲ့ လိုအပ်ချက်အားလုံးကို စီမံခန့်ခွဲနိုင်ခဲ့ပါပြီ။ မိန်းကလေးတစ်ယောက်အနေနဲ့ အိမ်မှုကိစ္စကျွမ်းကျင်ရသလို စီမံခန့်ခွဲမှုလဲ နားလည်နိုင်ရမယ်။ လင်ယောကျ်ား၊ သားသမီးတွေ ပေးကမ်းမှ ငွေရှိတဲ့ဘဝမျိုးမဟုတ်ပဲ ကိုယ့်ကိုယ်ပိုင်အရည်အချင်းနဲ့ ဘဝရပ်တည်နိုင်ဖို့၊ ထူးခြားပြီး ထက်မြက်နေတာထက် ပုံမှန်ဘဝလေးကို မက်မောတတ်ဖို့၊ ဂုဏ်သိက္ခာရှိတဲ့ မိန်းမသားတစ်ယောက်အဖြစ် ရပ်တည်ဖို့ လမ်းပြပေးခဲ့တဲ့မေမေ့ကို သမီး အထူးကျေးဇူးတင်ရပါတယ်။ မေမေပေးခဲ့တဲ့ သင်ခန်းစာတွေက သမီးဘဝအတွက် အရာရာပြည့်စုံလွန်းပါတယ်။ အခုလို တာဝန်ကျရာနေရာမှာ အမှီအခိုကင်းစွာနဲ့ ရပ်တည်နိုင်ခဲ့တာ မေမေ့ကျေးဇူးကြောင့်ပါ။ မေမေ့ရဲ့ဉာဏ်အမြော်အမြင်ကြီးမှုအတွက် သမီးလစာငွေလေးနဲ့ မေမေ့ကို ကန်တော့ပန်းဆင်လိုက်ပါရစေ။ မေမေ့ရဲ့ မေတ္တာတွေနဲ့ ဆုံးမသွန်သင်ပေးမှုတွေက သမီးဘဝအတွက် သိပ်ကို အသုံးဝင်ခဲ့ပါတယ်။ အသက်အရွယ်တစ်ခုရလာတော့မှ မေမေပြောခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာတရားတန်ဖိုးထားခဲ့မှုကြောင့် လူတွေသတ်မှတ်ထားတဲ့ ဘောင်တစ်ခုထဲမှာ အေးချမ်းစွာနေနိုင်ခဲ့ပါပြီ။ မေမေကျန်းမာပျော်ရွှင်ပါစေ။

**ချစ်သမီး ဆုပြည့်**

သမီး စာလေးဖတ်ပြီးတော့ ကျွန်မစိတ်ထဲ တကယ်ကြည်နူးခဲ့ရတယ်။ စိတ်ကစားတတ်တဲ့ အရွယ်လေးတစ်ခုမှာ လမ်းမှားလိုက်သွားမှာ ကျွန်မအကြောက်ဆုံး။ ဒီအခက်အခဲလေးတစ်ခုကို သမီးလေး အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့ပြီမို့ ကျွန်မကျေနပ်နိုင်ပါပြီ။ သမီးတာဝန်ထမ်းဆောင်ရာ နမ့်ဆန်မြို့လေးဆီကို စာတစ်စောင်ပြန်ရေးအုံးမယ်လို့ တွေးမိတယ်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်လေး သွန်သင်ဆုံးမပေးခဲ့ပြီးပြီမို့ လျှောက်သောလမ်းလေး အေးချမ်းပါစေလို့သာ သမီးလေးအတွက် ကျွန်မဆုတောင်းနေမိပါတော့တယ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှထွက်ရှိသော ထောပတ်သီးများကို တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချ



**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မှစိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့ စတင် တင်ပို့ရောင်းချပေးနေပြီဖြစ်ကြောင်း ကမ္ဘာ့ဇကုန်သွယ်မှုဗဟိုဌာန(တောင်ကြီး)၏ အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ထောပတ်သီးများကို တာချီလိတ်ပွဲရုံများမှတစ်ဆင့် ပြည်ပသို့ အောက်တိုဘာ စတုတ္ထပတ်မှစ၍ တင်ပို့ရောင်းချနေကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချပေးရာတွင် ထောပတ်သီး၏ အသီးအရွယ်အစား၊ အနာအဆာများပေါ် မူတည်၍ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၅၀၀၀ ခန့်ဈေးနှုန်းရရှိကြောင်း သိရသည်။

ထောပတ်သီးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယခင်ဒေသမျိုးများအပြင် ၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံတကာဈေးကွက်ဝင် မျိုးများဖြစ်သည့် Hass၊ Bacon၊ Fuerte၊ LambHass၊ Reed၊ Zutano စသည့်မျိုးများကို ကိုင်းဆက်၍ စတင်စိုက်ပျိုးနေပြီး ယခုနှစ်တွင်ဧကတစ်သောင်းမှ တစ်သောင်းခွဲထိ စိုက်ပျိုးခဲ့သည်။

ရှမ်းပြည်နယ်၌ ထောပတ်သီးများမှာ အောက်တိုဘာလလယ်ခန့်တွင်စတင်ထွက်ရှိပြီး ဇန်နဝါရီလကုန်တွင် ထောပတ်သီးရာသီကုန်ဆုံးကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်ဒေသတွင် Hass ထောပတ်သီးမျိုးများမှာ ထွက်ရှိလာသဖြင့် ပြည်တွင်းဈေးကွက်များသို့ အများပိုင်ကုမ္ပဏီ၊ အစုအဖွဲ့များ၊ ကိုယ်တိုင် စိုက်ပျိုးသည့်ခြံရှင်များက ကိုယ်ပိုင် အမှတ်တံဆိပ်များ၊ အိတ်စွပ်ခြင်း၊ စက္ကူချပ်ဖာများဖြင့် ထုပ်ပိုး၍ ဈေးကွက်ရှာဖွေရောင်းချနေသည့်အပြင် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြသည်။

ထောပတ်သီး စိုက်ပျိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသတို့တွင် အများဆုံး စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

**ရှမ်းရှမ်း**

# တန့်ယန်းမြို့နယ် ဟိုတာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်မှု စစ်ဆေး

**တန့်ယန်း နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဟိုတာကျေးရွာအုပ်စု ဟိုတာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဟိုတာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေတို့ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီအချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဟိုတာကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၆၀ သိန်း စုစုပေါင်းငွေကျပ် ၁၆၀ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မော်လိုက်မြို့နယ် ဝါးရုံကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မော်လိုက် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါးရုံကုန်းကျေးရွာ၌ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လိုက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရှိန်းပြည့်သွင်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဝါးရုံကုန်းကျေးရွာ၌ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဝါးရုံကုန်းကျေးရွာ၌ အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၅၂ ဒသမ ၇၆ သန်းဖြင့် ကလေးသားကုမ္ပဏီက ဇူလိုင် ၁ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ကျောက်မဲမြို့နယ် ခန့်ခဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်မဲ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခန့်ခဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့်တာဝန်ရှိသူများက ခန့်ခဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းစာရင်းဇယား ဖြည့်သွင်းထားရှိမှု အခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခန့်ခဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၉၆ သိန်းထုတ်ချေးလည်ပတ်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်**



# ပြီးခဲ့သည့် အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၀၅ သန်းဖိုး ရင်းနှီးမြှုပ်နှံ

**ပဲခူး နိုဝင်ဘာ ၁**

ပြီးခဲ့သည့် အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၀၅ သန်းဖိုး ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွဋ်အောင်ဝင်းထံမှ သိရသည်။

ယခုနှစ် အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုထပ်မံတိုးချဲ့ခြင်း ဆောင်ရွက်မည့် စက်ရုံနှစ်ရုံမှ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၀၅ သန်း ရင်းနှီး မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း ပဲခူးတိုင်းဒေသကြီး၌ ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးချဲ့ခြင်း စက်ရုံနှစ်ရုံ၊ ကုန်ပစ္စည်းထပ်မံမှာယူခြင်း စက်ရုံတစ်ရုံ၊ တည်ဆောက်ရေးကာလသက်တမ်းတိုး စက်ရုံတစ်ရုံနှင့် စက်ရုံအဆောက်အအုံတိုးချဲ့ခြင်း စက်ရုံတစ်ရုံတို့ရှိခဲ့ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးဟာ လူစွမ်းအားအရင်းအမြစ် ပေါကြွယ်မှုရှိတာ၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာ ကင်းရှင်းတာ၊ မြေနေရာကျယ်ဝန်းတာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တာ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေတိုးချဲ့နိုင်ဖို့ အားပေးနေတာနဲ့ အေးချမ်းတည်ငြိမ်တာစတဲ့ အခွင့်အလမ်းကောင်းတွေကို ထပ်မံလာရောက် ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ရရှိနိုင်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွဋ်အောင်ဝင်းက ပြောပြ၍ သိရသည်။

**ASH**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်းအဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကိုစုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့ကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁ - ၈ - ၂၀၂၂**

## နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၂ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ")တို့မှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (၈ တန်း၊ ၉ တန်း၊ ၁၀ တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ် ယူထားပါကြောင်း၊ **စာမျက်နှာ ၁၉ ကော်လံ ၄** ☆

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ကျီးနီကန်၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် ကျူတောဝကျေးရွာ မိုးစပါးစံပြကွက် ၇၅ ဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှု



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအုပ်စုရှိ မိုးစပါးစံပြကွက် ၇၅ ဧက စိုက်ပျိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ မြန်မာသက္ကရာဇ် ၆၆၅ ခုနှစ် ပုဂံကျော်စွာမင်းလက်ထက်က စတင်အသုံးပြုခဲ့သည့် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန်သို့ အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က **စာမျက်နှာ ၂၁ ကော်လံ ၁** ■

**ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ထောပတ်သီးများကို တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချ** စာမျက်နှာ - ၂၈



**နိုဝင်ဘာလအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၁ စီး ဝင်ရောက်နိုင်ရေး လျာထားဆောင်ရွက်နေ** စာမျက်နှာ - ၃

**နိုဝင်ဘာ ၁ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး** စာမျက်နှာ - ၁၉

